မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၆ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၀၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားရေးဦးတည်ချက် (၁၂)ရပ်နှင့်အညီ ကြိုးပမ်းမှုကြောင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာချိန် အဖျက်အမှောင့်အုပ်စုများ နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်း ဖျက်လိုဖျက်ဆီးဆောင်ရွက်နေ အဖျက်အမှောင့်အန္တရာယ် ပြည်သူအားလုံးက ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ကာကွယ်တိုက်ဖျက် နိုင်ငံတော်အစိုးရ၏ ကောင်းမြတ်သည့်ရည်မှန်းချက်များနှင့်အညီ ပြည်သူ့အကျိုး ဆောင်ရွက်

ရန်ကုန် မေ ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မေ ၂၆ ရက် နံနက်ပိုင်းတွင် *စာမျက်နှာ ၄ ကော်လံ ၁* ■



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟသာ်ာတခရိုင် မြန်အောင်မြို့နယ်တောင်ဘက် ခြောက်မိုင်အကွာ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ စိုက်ပျိုးမြေဧက ၅၀၀၀ အကျိုးပြုမည့် ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာ

နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားရေး ဦးတည်ချက် (၁၂)ရပ် ချမှတ်ပြီး နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ရည်မှန်းချက်ရှိရှိ ဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေ။



အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြံခင်းဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

မြန်မာ-တရုတ် ဆက်ဆံရေး တိုးတက်ကောင်းမွန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ခိုင်မြဲသည်ထက်ခိုင်မြဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှေးယခင်ကတည်းကပင် အိမ်နီးချင်း ဆွေမျိုးပေါက်ဖော် နိုင်ငံများဖြစ်ကြသည်။ နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများ အစဉ်အဆက် ပြုစုပျိုးထောင် ထိန်းသိမ်းခဲ့သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုခိုင်မာ အစွန့်ရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံပြီး အမြင်ချင်းဖလှယ်ကာ မြှင့်တင်လျက်ရှိသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများသည် အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းကို ဂရုတစိုက်ဆောင်ရွက်ခဲ့ကြပြီး နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မြဲသည်ထက် ခိုင်မြဲစေရန် ဆောင်ရွက်လေ့ရှိသည်။ ၂၀၀၃ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး တရုတ်ခေါင်းဆောင်ကြီးများက နွေးထွေးလိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးသည် ၂၀၀၀ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးလာရောက်ခဲ့ရာ မြန်မာနိုင်ငံ ခေါင်းဆောင်များနှင့် ပြည်သူတို့က ညှော့ဝတ်ပျူငှာစွာ ကြိုဆိုခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံတက်ရောက်စဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်တောင်နှင့် ဧပြီလ ၂၃ရက်နေ့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ တွေ့ဆုံခဲ့သည်။

ယင်းသို့ တွေ့ဆုံရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

> **"မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိတ်ဆွေရင်းဖြစ်သော တရုတ်နိုင်ငံက ကူညီထောက်ပံ့မှုများနှင့် နည်းပညာအကူအညီများ ပေးနေခြင်းအတွက် အထူးကျေးဇူးတင်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် ဆက်လက်ကူညီပံ့ပိုး ပေးသွားမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း"**

ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်တောင်က ပြန်လည်ဆွေးနွေး ပြောကြားရာ၌-

> **"နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနှင့်ကိုက်ညီသော စနစ်ကို ရွေးချယ်ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု မိမိတို့ခံယူပါကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်ခြင်းကိုလည်း သဘောမတူပါကြောင်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရပ်တည်ချက်မှာလည်း မပြောင်းလဲပါကြောင်း"**

ပြောကြားသွားသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား သံတမန်အဆက်အသွယ် ထူထောင်ခဲ့သည်မှာ (၅၅)နှစ် ပြည့်မြောက်တော့မည် ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် မြန်မာနိုင်ငံဘက်မှ အစဉ်မားမားမတ်မတ် ရပ်တည်ခဲ့သည်။ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအတွက် သဘောတူညီခဲ့သည့် လယ်ယာစိုက်ပျိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားကဏ္ဍများတွင် နှစ်နိုင်ငံလက်တွဲ ဆောင်ရွက်ခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှုများရရှိခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ မကြာခဏတွေ့ဆုံပြီး အမြင်ချင်းဖလှယ်ခွင့်ရသဖြင့်လည်းကောင်း၊ နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးကိစ္စများ၊ နိုင်ငံတကာနှင့် ဒေသတွင်းကိစ္စများ၌ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်နိုင်သဖြင့်လည်းကောင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်မြင့်မား ခဲ့သည်။ မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက One China Policy ကို ကျင့်သုံးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ အစဉ်တစိုက်ရပ်တည်ခဲ့သည်။ မကြာမီကလည်း တရုတ်ပြည်လုံးဆိုင်ရာ ကွန်ဂရက်တွင် ခွဲထွက်ရေးကို ဆန့်ကျင်သည့် ဥပဒေပြဋ္ဌာန်းခဲ့ရာ မြန်မာနိုင်ငံက အပြည့်အဝထောက်ခံ ခဲ့ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်တို့ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးမှုများသည် မြန်မာ-တရုတ်ဆက်ဆံရေး ကိုပိုမိုတိုးတက်ကောင်းမွန်စေပြီး ဆွေမျိုးပေါက်ဖော်ကဲ့သို့ ချစ်ခင်ရင်းနှီးမှုကို ပိုမိုခိုင်မြဲသည်ထက် ခိုင်မြဲအောင် ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဟု ယုံကြည်ကြောင်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၉-၄-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က) အင်္ဂလိပ်စာ-ဒုတိယနှစ် Structure Study II
(ခ) ပထဝီဝင်-တတိယနှစ် Mountains and Rivers of Economis Acitivity
၅း၃၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၄။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၄၄)
၆း၄၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၃၆)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သူ့ရဲကောင်းများထွန်းကားသည်"** (အပိုင်း-၃)ဇာတ်သိမ်း

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမည်၊ လက်ရှိရာထူး	**ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန**
(က) ဒေါက်တာမျိုးမြင့် ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန
(ခ) ဒုတိယဗိုလ်မှူးကြီးမျိုးကျော် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဒေါက်တာထွန်းနိုင်ဦး	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန
(ခ) ဒေါက်တာအောင်မွန်	ပါမောက္ခချုပ် ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးဝန်ကြီးဌာန



ဖွံ့ဖြိုးဆဲနိုင်ငံများအကျိုးအတွက် ဘန်ဒေါင်းအနှစ်သာရ ကမ္ဘာ့ခေါင်းဆောင်များ ဆက်လက်ဖော်ဆောင်ကြရန် သန္နိဋ္ဌာန်ပြုခဲ့ကြ

ဂျကာတာ ဧပြီ ၂၈

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် သောကြာနေ့က ဖွင့်လှစ်ခဲ့သော အာရှ-အာဖရိက ထိပ်သီးအစည်းအဝေး၌ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးအတွက် ယနေ့ကမ္ဘာတွင် ဘန်ဒေါင်းအနှစ်သာရကို ဆက်လက်ဖော်ဆောင်သွားရန် ကမ္ဘာ့ခေါင်းဆောင်များက သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

၁၉၅၅ခုနှစ်၌ ကျင်းပခဲ့သည့်ပထမအကြိမ် အာရှ-အာဖရိက ထိပ်သီး အစည်းအဝေးတွင် ဖွဲ့စည်းခဲ့သော ဘန်ဒေါင်းအနှစ်သာရသည် စည်းလုံးညီညွတ်မှု၊ သာတူညီမျှမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထောက်ခံပြီး ကမ္ဘာ့သမိုင်းကြောင်းတွင် အဓိကအလှည့်အပြောင်းတစ်ရပ်ဖြစ်ခဲ့သည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားခဲ့သည်။

ဖွံ့ဖြိုးဆဲ ကမ္ဘာ့ပြည်သူများအား ၎င်းတို့၏သဘောထားကို နိုင်ငံတကာ ဆိုင်ရာဇာတ်ခုံဖြစ်သည့် ဘန်ဒေါင်းတွင် ဖွင့်ဟခွင့်ပေးကြောင်း ၂၀၀၅ အာရှ-အာဖရိက ထိပ်သီးအစည်းအဝေးဖွင့်ပွဲ၌ ကိုဖီအာနန်က ပြောကြားခဲ့သည်။

နိုင်ငံနှင့်ဒေသ ၁၀၀ကျော်မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် ဘန်ဒေါင်းခေါင်းစီးအောက်တွင်ကျင်းပသည့် နှစ်ရက်ကြာထိပ်သီးအစည်းအဝေး၌ အာရှ-အာဖရိကပေါင်းဖော်ဖက် ထူထောင်ရေးကိစ္စကို စတင်ဆွေးနွေးခဲ့ကြသည်။

အာရှ-အာဖရိကထိပ်သီးအစည်းအဝေးသို့ နိုင်ငံ၅၀ ခန့်မှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများတက်ရောက် ခဲ့ကြသည့်အပြင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်အပါအဝင် နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်း နှစ်ဒါဇင်ခန့်မှ အကြီးအကဲများလည်း တက်ရောက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး ကိုဖီအာနန်တိုက်တွန်း

ကုလသမဂ္ဂ ဧပြီ ၂၇

ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာ တစ်ရပ် ချမှတ်ရန်နှင့် စုပေါင်းလုံခြုံရေး ခိုင်မာတောင့်တင်းစေရန်အတွက် ကုလသမဂ္ဂ၏ နှစ်(၆၀)သမိုင်းတွင် အလုံးစုံ ပြုပြင်ပြောင်းလဲမှုကို ကုလသမဂ္ဂက လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း အတွင်းရေးမှူးချုပ် ကိုဖီအာနန်က နိုင်ငံခြားရေးရာ နောက်ဆုံးထုတ်ပြန်ချက်တွင် တိုက်တွန်းထားသည်။

အာနန်၏ အစီရင်ခံချက်ကို တနင်္လာနေ့က ထုတ်ပြန်ရာ၌ လက်ရှိနှင့် ပေါ်ပေါက်လာသော စိန်ခေါ်မှုများ ကို ဖြေရှင်းသွားရန်အတွက် ကုလသမဂ္ဂအား ဆီလျော်အောင် ပြုပြင် ပြောင်းလဲသွားမည့် အဆိုပြုချက်များကို ကိုဖီအာနန်က ရေးသားဖော်ပြထားသည်။

စက်တင်ဘာလတွင် ကုလသမဂ္ဂ၌ ထိပ်သီးညီလာခံအစည်းအဝေးအတွက် တွေ့ဆုံကြသည့်အခါ ထောက်ခံချက်များ ပေးရန် ကမ္ဘာ့ခေါင်းဆောင်များကို ဖိအားပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတော်၊ပြည်သူနှင့်တပ်မတော် ပူးပေါင်းပြီး တိုးတက်အောင်မြင်မှုအသီးအပွင့်များ ဆောင်ရွက်နိုင်ခဲ့ ငြိမ်းချမ်းမှုနှင့်ပူးပေါင်းမှုတို့၏ ကောင်းကျိုးရလဒ်များ တိုင်းရင်းသားညီအစ်ကိုများ လက်တွေ့ခံစားနေရ

သားရိုးရာ အကအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်း အင်အား ၃၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

လမ်းညွှန်မှာကြား

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၁၉၉၅ ခုနှစ် ဧပြီလတွင် ကချင်ပြည်နယ်ကို လာရောက်ခဲ့စဉ်က “ကချင်ပြည်နယ်အတွင်း နှစ်ကာလကြာရှည်စွာ တည်ငြိမ်အေးချမ်းမှုမရှိခဲ့ခြင်းကြောင့် ဒေသတိုးတက်မှုမရှိခဲ့ကြောင်း၊ တိုးတက်ဖွံ့ဖြိုးအောင် သမားရိုးကျဆောင်ရွက်နေ၍မရဘဲ အရှိန်အဟုန်ဖြင့် ကြိုးပမ်း အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါ နယ်မြေဒေသမှာလည်း အေးချမ်းနေပြီဖြစ်ရာ သဘာဝ သယံဇာတများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားသွန်ကြိုးပမ်းသင့်သည့် အချိန်ပင်ဖြစ်ကြောင်း”လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ရွှေဘို–မြစ်ကြီးနား ကားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် တစ်ဆက်တစ်စပ်တည်း အဆင့်မြှင့်ဖော်လုပ်ပေးခဲ့သည့်အတွက် ကချင်ပြည်နယ်အဖို့ တကောင်းကားလမ်းထွက်ပေါက်တစ်ခု ထပ်မံတိုးတက်လာပြီဖြစ်ကြောင်း။

ဗန်းမော်–နမ့်ခမ်း ကားလမ်းနှင့် ဗန်းမော်–စီအူ–မဘိမ်း–မိုးမိတ် ကားလမ်းကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သည် အပြန်အလှန်လွယ်ကူစွာ ကူးလူးဆက်သွယ်သွားလာနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ပူးပေါင်းဖောက်လုပ်

ယခုကဲ့သို့ ကချင်ပြည်နယ်နှင့် အခြားပြည်နယ်၊ တိုင်းများ အပြန်အလှန်ဆက်သွယ်သွားလာနိုင်အောင် လမ်းမကြီးများ ဖော်ထုတ်ဖောက်လုပ်ခဲ့သကဲ့သို့ ပြည်နယ်အတွင်းတွင်လည်း ဒေသတစ်ခုနှင့်တစ်ခု သွားလာမှုအဆင်ပြေရေးအတွက် မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို ကားလမ်း၊ နမ္မတီး–တနိုင်း–နန်းယွန်းကားလမ်း၊ ထို့အပြင် မိုးကောင်း–ဖားကန့်၊ ဖားလမုန်း–ခန္တီးကားလမ်းတို့ကိုလည်း ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းလမ်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဝန်ထမ်းများနှင့်အတူ တပ်မတော်သားများကလည်း မိမိတို့တာဝန်ယူနိုင်သည့် လမ်းပိုင်းအလိုက် ဝင်ရောက် ပူးပေါင်းပါဝင် ဖောက်လုပ်လျက်ရှိကြောင်း။

၎င်းသို့လမ်းများ၊ တံတားများကောင်းမွန်ပါမှ ရေ၊ မြေသယံဇာတ အခြေခံကောင်းများရှိသော ကချင်ပြည်နယ်သည် အရှိန်အဟုန်ရှိရှိ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ယခုအခါ ကချင်ပြည်နယ်တွင် တည်ဆောက်ပြီးသည့် တံတားများကို ပြန်ကြည့်မည်ဆိုလျှင် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ တနိုင်းတံတား၊ **စာမျက်နှာ ၁၀ ကော်လံ ၁သို့**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား(မိုးကောင်း)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ **ကျောဖုံးမှ**

တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ အေရိုးဗစ်နှင့် ပြည်ထောင်စုတိုင်းရင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား (မိုးကောင်း) ဖွင့်ပွဲ အခမ်းအနားတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၁၉၉၆ ခုနှစ်ကစပြီး ရွှေဘို–မြစ်ကြီးနားလမ်းမကြီးသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း မဟာဗျူဟာလမ်းမကြီးအဖြစ် ခိုင်ခိုင်မာမာ ပေါ်ပေါက်လာခဲ့ပြီး ယခုအခါ ပြည်သူအများ သွားလာသုံးစွဲနေကြပြီဖြစ်ကြောင်း။

သွားလာမှုချောမွေ့မြန်ဆန်လာ

ရွှေဘို ကားလမ်းပေါက်သွားသော်လည်း ကားလမ်းတစ်လျှောက် လိုအပ်သည့်နေရာများတွင် တံတားများအပြည့်အစုံ မတည်ဆောက်နိုင်သေးသည့်အတွက် လက်ရှိတံတားဟောင်းများကိုသာ ဆက်လက်အသုံးပြုနေခဲ့ရကြောင်း၊ ယခုဆိုလျှင် ယနေ့ဖွင့်လှစ်သော ကျွန်းတောတံတားအပြင် ဟိုပင်တံတား၊ မိုးကောင်းတံတား၊ မိုးညှင်းတံတား စသည့် တံတားသစ်များ တည်ဆောက်ပြီးစီးသည့်အတွက် ခရီးသွားလာမှု ပိုမိုချောမွေ့မြန်ဆန်သွားပြီဖြစ်ကြောင်း။

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် ရွှေဘို–မြစ်ကြီးနား ကားလမ်းတိုးတက်ကောင်းမွန်အောင် ယခုကဲ့သို့ ပြုပြင်တိုးချဲ့ဆောင်ရွက်နေသကဲ့သို့ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင်လည်း သပိတ်ကျင်း–တကောင်း– ရွှေကူ–ဗန်းမော်–မြစ်ကြီးနား ကားလမ်းအသစ်ကြီးကိုလည်း ထပ်မံဖောက်လုပ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်အရှေ့ခြမ်းတွင် မဟာဗျူဟာကားလမ်းအသစ် ပေါ်ထွက်လာပြီဖြစ်သည့်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား (မိုးကောင်း) ဖွင့်ပွဲ အခမ်းအနားတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှ အရှည် ၃၆၆ ပေရှိ ကျွန်းတောတံတား(မိုးကောင်း)

- ကျွန်းတောတံတားသည် တောင်နှင့်မြောက် အလျားလိုက် ပြည်ထောင်စုလမ်းမကြီး ၃၅လမ်းထဲက တစ်ခုဖြစ်သော ရွှေဘို-မြစ်ကြီးနား လမ်းမကြီးပေါ် မိုးကောင်းမြို့အဝင် မိုင်တိုင်(၂၄၇/၀) ကျွန်းတောရပ်ကွက်နှင့် အိုးတန်းရပ်ကွက်ကြား၌ ရှိသည့် နန့်ရင်းချောင်းပေါ်တွင်ဖြတ်ပြီး တည်ဆောက်ထား၊
- မိုးကောင်းမြို့နယ်က ရပ်ကွက်(၁၀)ရပ်ကွက်၊ ကျေးရွာအုပ်စု(၃၄)စု၊ ကျေးရွာ(၇၄)ရွာက ပြည်သူ တစ်သိန်းခွဲကျော်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ကျန်းမာရေးကဏ္ဍများတွင် တိုက်ရိုက်အကျိုးပြုသွားမည်ဖြစ်၊
- အရှည် ၃၆၆ပေ၊ အကျယ် ၂၆ပေကျယ်သည့် သံကူကွန်ကရစ်အမျိုးအစား နှစ်လမ်းသွားတံတားဖြစ်၊ တံတားနှစ်ဖက်တွင် လေးပေစီကျယ်သော လူသွားလမ်းများပါရှိပြီး တံတား၏ခွင့်ပြုတန်ချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်။

ယခုအချိန်တွင် နိုင်ငံတော်ကိုဒီမိုကရေစီစနစ်သို့ ညင်သာစွာကူးပြောင်းနိုင်ရေး တိုင်းရင်းသားအဖွဲ့အစည်းများ အပါအဝင် ပြည်သူများအားလုံး ဆွေးနွေးပုံဖော်လျက်ရှိ

■ **ရှေ့ဖုံးမှ**

တပ်မတော်ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း၏ ကြံခင်းဘိလပ်မြေစက်ရုံသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ကြံခင်းဘိလပ်မြေစက်ရုံမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကြံခင်းဘိလပ်မြေစက်ရုံ ဧည့်ခန်းမဆောင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ကြံခင်းဘိလပ်မြေစက်ရုံ၏ နောက်ခံသမိုင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှုစွမ်းအား၊ ကုန်ကြမ်းရရှိမှု၊ ထုံးကျောက်နှင့် သံကျောက်ထုတ်လုပ်မှုအတွက် အသုံးပြုနေသော ယာဉ်ယန္တရားများ၊ စွမ်းအင်လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးရီက ဘိလပ်မြေထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်နှင့် စက်ရုံ၏ စက်ယန္တရားများအခြေအနေနှင့် ထုတ်လုပ်မှုအခြေအနေ၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်မွမ်းမံရန် လိုအပ်သောစက်အရန်ပစ္စည်းများ အခြေအနေ၊ ၂၀၀၄-၂၀၀၅ ခုနှစ် ဘိလပ်မြေထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေ၊ စက်ရုံမှ ထုတ်လုပ်သော စက်အရန်ပစ္စည်းများ၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်အစိတ်အပိုင်းများကို အကြီးစားပြုပြင်မွမ်းမံရန် လိုအပ်ချက်၊ ၂၀၀၅-၂၀၀၆ ခုနှစ် လစဉ် ကုန်ထုတ်လုပ်မှုနှင့် လျာထားချက်၊ အမှန်ထုတ်လုပ်နိုင်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ဝန်ထမ်းရေးရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံတွင် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မှာ များစွာ တိုးတက်ကောင်းမွန်နေပြီဖြစ်ကြောင်း။

လမ်းညွှန်မှုပေးခဲ့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုအချိန်မှစ၍ ကုန်ထုတ်လုပ်မှု၊ စီးပွားကုန်သွယ်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ တိုးတက်မြင့်မားရေးရည်မှန်းပြီး ပိုမိုအားစိုက်ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှုပေးခဲ့ကြောင်း။

လေ့လာဆန်းစစ်သုံးသပ်

ယင်းသို့ ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ရှေ့နှစ်ခန့်မှစ၍ လျှပ်စစ်ဓာတ်အားသိသိသာသာ ပိုမိုတိုးတက်ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်နှင့်အညီ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားရေးအတွက် ကြိုတင်စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ပိုင်ကဏ္ဍမှ အဓိကကျသော စက်ရုံကြီးများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လေ့လာဆန်းစစ် သုံးသပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မကြာမီရက်များအတွင်းကပင် မိမိနှင့်အဖွဲ့ ကျော့်စွာခတ်မြေသြဇာစက်ရုံသို့ ရောက်ရှိခဲ့ပြီး စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ စက်ယန္တရားများ ကြံ့ခိုင်မှု တိုးမြှင့်ပေးရေး၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များပြည့်မီရေးနှင့် စက်ယန္တရားများ ပြုပြင်ထိန်းသိမ်းရေးတွင် အခြားသောအစိုးရဌာနအဖွဲ့အစည်းများက ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများဖော်ထုတ်ရေးတို့ကို လေ့လာညှိနှိုင်းသုံးသပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုလည်း ကြံခင်းဘိလပ်မြေစက်ရုံကြီး စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပံ့ပိုးပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကြံခင်းဘိလပ်မြေစက်ရုံ အစည်းအဝေးခန်းမ(၂)၌ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဟင်္သာတခရိုင်နှင့် ကြံခင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ကြံခင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပုက မြို့နယ်၏ အခြေခံအချက်အလက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ မြေယာအသုံးချမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ နှစ်ရှည်ပင်သီးနှံ စိုက်ပျိုးနိုင်မှု၊ ဒေသဆန် ၁၄၄ရာခိုင်နှုန်း၊ ဆီ ၂၃၀ရာခိုင်နှုန်း ဖူလုံမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်မှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတို့ကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်အတွင်းရှိ ကွန်ချောင်းရေလှောင်တမံဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် မိမိနှင့်အဖွဲ့လာရောက်ရင်း ကြံခင်းဘိလပ်မြေစက်ရုံ စက်စွမ်းအားပြည့် ကုန်ထုတ်လုပ်နိုင်ရေးနှင့် ကြံခင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် ယခုကဲ့သို့ စက်ရုံတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ပိုင် အကြီးစားစက်ရုံကြီးများ စက်စွမ်းအားပြည့် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံတစ်ရုံချင်းအလိုက် ကြိုးစားလုပ်ဆောင်နေကြရာ၌ ဝန်ကြီးဌာနတစ်ခုချင်းအလိုက် တာဝန်ယူကြိုးပမ်းလုပ်ဆောင်နေသည်ထက် ဆက်စပ်ဆက်နွယ်သည့် နိုင်ငံတော်အစိုးရ ဌာနအဖွဲ့အစည်းများက ပေါင်းစည်းအားဖြည့်ကူညီဆောင်ရွက်သည့် နည်းလမ်းဖြင့် ပူးပေါင်းအားထုတ်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် **အမျိုးသားရေးဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို ရည်မှန်းချက်ရှိရှိဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများမှာ သိသိသာသာဖွံ့ဖြိုးတိုးတက်လာ**နေသည့်အပြင် ယနေ့အထိလစဉ်လတိုင်း ဆည်မြောင်းတာတမံများ၊ မြစ်ကူးတံတားကြီးများ တစ်ခုပြီးတစ်ခု တိုးပွားပေါ်ထွန်းလာနေသည်ကို တွေ့မြင်နိုင်ကြောင်း။

တိုးတက်ဖြစ်ထွန်းနေ

နိုင်ငံတော်အစိုးရ၏ မှန်ကန်သောမူဝါဒနှင့် လုပ်ငန်းစဉ်များနှင့်အညီ အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအများက လိုက်ပါပူးပေါင်းအားထုတ် ဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူအပေါင်းက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် **ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး အမျိုးသားရေးဦးတည်ချက် (၁၂)ရပ်နှင့်အညီ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကြီး တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာနေချိန်တွင် အဖျက်အမှောင့်အုပ်စုများက ဒို့တာဝန်အရေးသုံးပါးကို ဆန့်ကျင်လျက် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း ဖျက်လိုဖျက်ဆီးဆောင်ရွက်**နေကြသည်လည်းရှိကြောင်း။

ကာကွယ်တိုက်ဖျက်

ယင်းသို့ **နိုင်ငံတော် စည်းလုံးညီညွတ်ရေး ပြိုကွဲစေရန်ရည်ရွယ်လျက် ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် တစ်မျိုးပြီးတစ်မျိုး ဖန်တီးလုပ်ဆောင်နေသည့် အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို ပြည်သူများအားလုံးက ပြည်သူ့သဘောထားလေးရပ်နှင့်အညီ ကာကွယ်တိုက်ဖျက်**သွားရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့်ယခုအခြေအနေသို့ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း။

ဆွေးနွေးညှိနှိုင်း

ယခုအချိန်တွင် နိုင်ငံတော်ကို ဒီမိုကရေစီစနစ်သို့ညင်သာစွာကူးပြောင်းနိုင်ရေးအတွက် ဥပဒေဘောင်အတွင်းဝင်ရောက်လာပြီးသော တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံးနှင့် အနာဂတ်နိုင်ငံတော်အတွက် ဆွေးနွေးညှိနှိုင်းပုံဖော်လျက်ရှိကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြံခင်းဘိလပ်မြေစက်ရုံ အစည်းအဝေးခန်းမ(၂)၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဟင်္သာတခရိုင်နှင့် ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ကြသူများ ပြည်သူများနှင့်အတူတကွနေထိုင်ကျင့်ကြံရင်း ရပ်ကျိုးရွာကျိုးပြည်သူ့အကျိုးဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တည်ဆောက်လျက်ရှိသော မမြရေလှောင်တမံစီမံကိန်းတွင် အလျားပေ ၁၂၈၀၊ အကျယ် ပေ ၁၅၀ရှိ ရေပိုလွှဲလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

အနာဂတ်ကာလတွင် ဒီမိုကရေစီလမ်းကြောင်းမှန်အတိုင်း လျှောက်လှမ်းနိုင်စေရန် ကျေးလက်နေပြည်သူများအပါအဝင် ပြည်သူတစ်ရပ်လုံး ပညာရေးအခြေခံမြင့်မားစေရအောင် အသက်ရှည်ကျန်းမာပြီး လူနေမှုအဆင့်အတန်း မြင့်မားစေရအောင်နိုင်ငံတော်အစိုးရကစီမံကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူ့အကျိုးဆောင်ရွက်

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်လမ်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရသော နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာနှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များကလည်း နိုင်ငံတော်အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများ၊ ကောင်းမြတ်သည့်ရည်မှန်းချက်များနှင့် လိုက်လျောညီထွေစွာ ပြည်သူများနှင့်အတူတကွ နေထိုင်ကျင့်ကြံရင်း ရပ်ကျိုးရွာကျိုးပြည်သူ့အကျိုးဆောင်ရွက်ကြဖို့လိုကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူများတစ်သားတည်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များကို မှန်ကန်စွာကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုအဆင့်အတန်းမြင့်မားသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းလာမှာဖြစ်သလို ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် လိုက်ဖက်ညီသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ တိုးတက်ပြောင်းလဲနေသော ခေတ်စနစ်နှင့်အမီလိုက်ပါပြီး အားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိလပ်မြေထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းတစ်ခုဖြစ်သည့် ထုံးကျောက်များကို စက်ရုံမှ ငါးမိုင်ခွဲခန့်ကွာဝေးသည့် ထုံးကျောက်တောင်မှ စက်ယန္တရားကြီးများဖြင့် ထုတ်လုပ်နေမှုကိုလည်းကောင်း၊ တစ်နာရီလျှင် တန် ၃၀၀ကြိတ်ဝါးနိုင်သည့် Gyratory Crusher အမျိုးအစား ကျောက်ခွဲစက်အသစ်၏ ထုံးကျောက်များ ကြိတ်ခွဲနေမှုကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထုံးကျောက်တန်ချိန် သန်း၈၀ကျန်

အဆိုပါ ထုံးကျောက်သိုက်တွင် ပေ ၃၀၀အထက် ထုံးကျောက်တန်ချိန် ၄၉သန်း၊ Ground Level ပေ၁၁၀မှ ပေ ၃၀၀အထိ ထုံးကျောက်တန်ချိန် ၄၁ သန်းခန့်ရှိရာ ကြံခင်းဘိလပ်မြေစက်ရုံက ၁၉၇၅-၇၆ခုနှစ်မှ ယနေ့အထိ ထုံးကျောက် ၁၀ဒသမ ၂သန်း ထုတ်လုပ်ပြီးဖြစ်ရာ စုစုပေါင်းထုံးကျောက်တန်ချိန် သန်း ၈၀ခန့် ကျန်ရှိသေး၍ နှစ်ပေါင်း ၁၄၇နှစ်ခန့် ဆက်လက်ထုတ်ယူအသုံးပြုနိုင်သေးကြောင်း သိရသည်။

ထို့အပြင် ကြံခင်းထုံးကျောက်တောင်၏ တောင်ဘက်နှစ်မိုင်ခန့်အကွာတွင် နတ်မီးတောင်ထုံးကျောက်သိုက်သည် ထုံးကျောက်တန်ချိန် ၁၁သန်းခန့်ရှိပြီး စက်ရုံ၏အရန်ထုံးကျောက်သိုက်အဖြစ် ထားရှိကြောင်းသိရသည်။

မြစ်ဖြတ်ပိုက်လိုင်းစစ်ဆေး

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ဆိပ်သာရွာအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ပြည်-ဆိပ်သာ ဧရာဝတီမြစ်ဖြတ်ပိုက်လိုင်း ဆက်သွယ်မှုအခြေအနေကို ရောက်ရှိစစ်ဆေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် များစွာတိုးတက်ကောင်းမွန်

- နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံတွင် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မှာ များစွာ တိုးတက်ကောင်းမွန်နေ၊
- နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုအချိန်မှစ၍ ကုန်ထုတ်လုပ်မှု၊ စီးပွားကုန်သွယ်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ တိုးတက် မြင့်မားရေး ရည်မှန်းပြီး ပိုမိုအားစိုက်ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှု ပေးခဲ့၊
- ယင်းသို့ ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ရှေ့နှစ်ခန့်မှစ၍ လျှပ်စစ်ဓာတ်အားသိသိသာသာ ပိုမိုတိုးတက်ထုတ်လုပ်နိုင်တော့မှာဖြစ်သည်နှင့်အညီ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်ကြဖို့လို၊
- နိုင်ငံတော်ပိုင်ကဏ္ဍမှ အဓိကကျသော စက်ရုံကြီးများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လေ့လာဆန်းစစ်သုံးသပ်ဆောင်ရွက်။

မြန်မာ့ရုပ်မြင်သံကြား

၂၉-၄-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅ ၈။ ဂမုန်းရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English For Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ အကပြိုင်ပွဲ
၁၇:၃၀ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
၁၈:၀၅ ၉။ **"မင်းမသိသေးပါဘူးကွာ"** ဇော်၊ ငှက်ပျော်ကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၈:၁၀ ၁၀။ Discovery
၁၈:၂၀ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၂၆)
၁၉:၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
၁၉:၄၅ ၁၆။ တီလားဗီးယား ဈေးပွဲတော်ဆိုင်ရာ သိကောင်းစရာအဖြာဖြာ
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"လိပ်ပြာခြေရာ"** လူမင်း၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-မောင်သိ)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကညင်ရေလှောင်တမံ စီမံကိန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၅ မှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက တစ်နိုင်ငံလုံးရှိ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းထားမှု၊ ပြည်-ဆိပ်သာ ဧရာဝတီမြစ်ဖြတ် ပိုက်လိုင်းများသွယ်တန်းထားမှုနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းသည် ဧရာဝတီတိုင်းအတွင်းရှိ မြန်အောင်လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကြံခင်းဘိလပ်မြေစက်ရုံနှင့် ဆိပ်သာမက်သနောစက်ရုံတို့၏ သဘာဝဓာတ်ငွေ့ လိုအပ်ချက်များကို ပြည်ရေနံမြေမှတစ်ဆင့် ဖြန့်ဖြူးပေးရန် ရည်ရွယ်လျက် ပြည်-ဆိပ်သာ ဧရာဝတီမြစ်ဖြတ်ပိုက်လိုင်းကို ဆက်သွယ်ထားခြင်းဖြစ်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ငါးပိဆိပ်ကျေးရွာအနီးရှိ ငါးပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ငါးပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ ငါးပိဆိပ်နှင့် ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင် စီမံကိန်း၊ ဟင်္သာတမြို့နယ်ရှိ မြို့ကွင်းလျှပ်စစ် မြစ်ရေတင်စီမံကိန်း၊ ကျောင်းကုန်းမြို့နယ်ရှိ ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ငါးပိဆိပ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးသွားနိုင်မည်

ငါးပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပြီးစီးပါက မိုးစပါးဧက ၇၀၀၀၊ နွေစပါး ၁၀၁၉၈ဧက၊ ပဲမျိုးစုံ ဧက ၂၉၆၀၊ ဆီထွက်သီးနှံ၈၄၂ဧကအပါအဝင် သီးနှံစုစုပေါင်း စိုက်ဧက၂၁၀၀၀ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် မုရင်းမိုးစပါးဧက ၇၀၀၀ အပေါ်တွင် နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို လျှပ်စစ်မြစ်ရေတင်မှ ရရှိသောရေဖြင့် နှစ်ကြိမ် ထပ်မံစိုက်ပျိုးနိုင်မည်ဖြစ်ရာ တစ်နှစ်လျှင် သီးနှံ သုံးကြိမ်စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့နယ် ဟင်္သာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်ရှိ ငဝန်မြစ်ဖြတ် ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဧရာဝတီတိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဝင် တံတားကြီးများနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်က ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအွန်ဇပါက တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှုအခြေအနေနှင့် လိုအပ်ချက်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု စက်ယန္တရားဖြင့် ဘိုးပိုင်တူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ငဝန်တံတား(မြို့ကွင်း)မှာ အရှည်ပေ၂၈၀၀၊ အကျယ်၃၄ပေ၊ ယာဉ်သွားလမ်း အကျယ်၂၈ပေ၊ လူသွားလမ်းတစ်ဖက်လျှင်သုံးပေစီရှိမည်ဖြစ်ပြီး ခွင့်ပြုတန် အလေးချိန်မှာ တန်၆၀ ခံနိုင်ရည်ရှိမည့် သံကူကွန်ကရစ် အမျိုးအစား တံတားဖြစ်သည်။

ဖြည့်စွက်တင်ပြ

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်၏ အနောက်မြောက်ဘက် မိုင်၂၀ကွာရှိ ငဝန်မြစ်အရှေ့ဘက်ကမ်းတွင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ဧက၉၀၀၀အကျိုးပြုမည့် မြို့ကွင်းလျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းတို့က လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံစိုက်ပျိုးနိုင်မည့် အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားပြီး မြို့ကွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြို့ကွင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း ပြီးစီးသွားပါက မုရင်းမိုးစပါးဧက ၉၀၀၀အပြင် ပထမသီးထပ်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဧက ၉၀၀၀၊ ဒုတိယသီးထပ် နွေစပါးဧက ၉၀၀၀ တစ်နှစ်လျှင် သီးနှံ သုံးကြိမ်စုစုပေါင်းဧက ၂၇၀၀၀ စိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟင်္သာတခရိုင်မြန်အောင်မြို့နယ်တောင်ဘက် ခြောက်မိုင်ကွာ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိစိုက်ပျိုးမြေဧက၅၀၀၀အကျိုးပြုမည့် ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ်ဦးဝင်းရွှေက ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တို့က လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့်အတူ စိုက်ပျိုးစွမ်းအားမြင့်မားလာရေးအတွက် ဆောင်ရွက်မည့်အစီအမံများထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ကူညီပံ့ပိုးပေး

ယင်းနောက် ဝန်ကြီးချုပ်က ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတောင်သူလယ်သမားများ၏ လူနေမှုဘဝ ပိုမိုမြင့်မားလာစေရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က အစီအမံများထားရှိဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားပြီးနောက် ဒေသအတွင်း ငါးပိဆိပ်မြစ်ရေတင်စီမံကိန်း၊ ကန်ဇွန်းခုံမြစ်ရေတင်စီမံကိန်း၊ မြို့ကွင်းမြစ်ရေတင်စီမံကိန်းနှင့် မြစ်ကျိုးမြစ်ရေတင်စီမံကိန်းနှင့် ကွန်ချောင်း၊မမြချောင်း၊ ကညင်ချောင်း၊ နန်ကသူဆည်တမံစီမံကိန်းတို့ကြောင့် *စာမျက်နှာ ၇ ကော်လံ ၁သို့*

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၀၅ (သောကြာနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်
၇း၀၅	ယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီပညာဌာန)
၇း၂၀	ပြည်တွင်းသတင်း
၇း၂၅	ကျော်ဟိန်းရဲ့ သီချင်းပြဇာတ်
၇း၅၀	ဂီတသံစဉ်အလှဆင်(မေဆွိ)
၈း၁၀	အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်းသိကောင်းစရာ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	နိုင်ငံတကာသတင်း
၈း၃၀	First Myanmar Junior World Ranking Tennis Tournament
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	စေ့စေ့စပ်စပ်
၉း၃၀	ပြည်တွင်းသတင်း
၉း၃၅	သူ့ဘဝသူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ ရေဆေးပန်းချီ)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ယူးချောင်းတံတား
၁၀း၀၅	နိုင်ငံတကာသတင်း
၁၀း၁၀	အိမ်သုံးဆေးဝါးအလေးထား စက်မှုစွမ်းအား
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅	ဂီတဆည်းဆာတေးသံသာ
၁၁း၀၀	အပိတ်

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သဲအင်းဂူ ခုနစ်ရက်တရားစခန်းပွဲဖွင့်မည်

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် ၅ ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ သားတပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလုံ)သည် ခန္ဓာကိုယ်တွေ့သမထ ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲကို မေ ၁၆ ရက်မှ ၂၂ရက်အထိ အခမဲ့အဓိဋ္ဌာန် ဝင်ခွင့်ဖြင့် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မေ ၁၅ရက် ညနေအရောက် လာရောက်ကြရန်နှင့် အာဟာရဒါန လှူဒါန်းလိုသူများ ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်း တောင်ဥက္ကလာပမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် လိုက်ဖက်ညီသော လူ့အဖွဲ့အစည်းဖြစ်ရေး ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်မှန်ကန်စွာဖော်ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်း ဆိပ်သာရွာအနီးရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ပြည်–ဆိပ်သာ ဧရာဝတီမြစ်ဖြတ် ပိုက်လိုင်းဆက်သွယ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာမည့် တစ်နှစ်ပတ်လုံးစိုက်ပျိုးဖြစ်ထွန်းသော မြေဧရိယာကေ တစ်သိန်းအထိ ရေပေးနိုင်မည်ဖြစ်ရာ ဒေသခံတောင်သူလယ်သမားများကလည်း တစ်ဦးချင်းစီးပွားတိုးတက်အောင်၊ လူနေမှုအဆင့်မြင့်မားလာအောင် နိုင်ငံတော်၏အားပေးခြင်းနှင့်လိုက်လျောညီစွာ ကြိုးစားအားထုတ်ကြစေလိုကြောင်း၊ သီးထပ်စိုက်ပျိုးစွမ်းအားတိုးပွားအောင်၊ စက်ယန္တရားများအသုံးပြု ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများကလည်း ပေါင်းစပ်ညှိနှိုင်းပေး၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင် စီမံကိန်းပြီးစီးသွားပါက မုရင်းမိုးစပါးဧကေ ၅၀၀၀အပြင်၊ ပထမသီးထပ်အဖြစ် ပဲမျိုးစုံနှင့်စပါးဧကေ ၅၀၀၀နှင့်ဒုတိယသီးထပ်အဖြစ်စပါး နှမ်းဧကေ ၅၀၀၀တစ်နှစ်လျှင်သီးနှံ သုံးကြိမ် စုစုပေါင်းဧကေ ၁၅၀၀၀ စိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် နွေစပါးဖြစ်ထွန်းအောင်မြင်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာရဟတ်ယာဉ်ဖြင့်ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ကြံခင်းဘိလပ်မြေစက်ရုံသို့ ပြန်လည်ရောက်ရှိကြသည်။

ကြံခင်းဘိလပ်မြေစက်ရုံစစ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကြံခင်းဘိလပ်မြေစက်ရုံအတွင်း လှည့်လည်ပြီးကြံခင်းဘိလပ်မြေစက်ရုံ၏ ကုန်ကြမ်းကြိတ်စက်တွင် အသုံးပြုသည့် စက်ပစ္စည်းအစိတ်အပိုင်းများ အသုံးပြုပြီးသံဘောစေ့များ၊ ကုန်ချောကြိတ်စက်တွင် အသုံးပြုသည့်စက်ပစ္စည်း အစိတ်အပိုင်းများ၊ ကြံခင်းဘိလပ်မြေစက်ရုံကတ်ထွင်ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာ အစိတ်အပိုင်းများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကြံခင်းဘိလပ်မြေစက်ရုံကုန်ကြမ်းကြိတ်စက် အမှတ်(၂)၊ ကုန်ချောကြိတ်စက် အမှတ်(၂) နှင့် အမှတ်(၃)တို့ကိုလည်းကောင်း၊ မီးသင်းဖိုတွင် တပ်ဆင်မည့်ရိုးရိုးချိန်းကြိုးနှင့် အပူဒဏ်ခံချိန်းကြိုးများ၊ မီးခံအုတ်များ၊ Chain Holderဟောင်းများ၊ မီးသင်းကျောက်များကိုကြိတ်ခွဲသည့်တူဆံများကိုးလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ကြံခင်းဘိလပ်မြေစက်ရုံ၏ကုန်ထုတ်စွမ်းအားမှာတစ်နှစ်လျှင်စက်လည်ပတ်ရက်၃၀၀၊ တစ်ရက်လျှင် ရှစ်နာရီ၊အဆိုင်းသုံးဆိုင်း၊ ၂၄နာရီဖြင့် သတ်မှတ်စက်စွမ်းအား တစ်နှစ်လျှင် ဘိလပ်မြေ တန် ၃၆၄၈၀၀ ထုတ်လုပ်နိုင်သည်။ ၂၀၀၅–၂၀၀၆ကုန်ထုတ်လုပ်မှုလျာထားချက် ဘိလပ်မြေတန် ၃၆၀၀၀၀ ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မမြရေလှောင်တမံရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ကွန်ချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်၏မှန်ကန်သောမူဝါဒနှင့်အညီ ပြည်သူများပူးပေါင်းဆောင်ရွက်

- ❑ နိုင်ငံတော်အစိုးရ၏ မှန်ကန်သောမူဝါဒနှင့် လုပ်ငန်းစဉ်များနှင့်အညီ အစိုးရဌာန အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအများက လိုက်ပါပူးပေါင်းအားထုတ် ဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ နိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်ဖြစ်ထွန်းနေ။
- ❑ နိုင်ငံတော်အစိုးရနှင့် ပြည်သူအပေါင်းက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး အမျိုးသားရေးဦးတည်ချက် (၁၂)ရပ်နှင့်အညီ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကြီး တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာနေချိန်တွင် အဖျက်အမှောင့်အုပ်စုများက ဒို့တာဝန်အရေးသုံးပါးကို ဆန့်ကျင်လျက် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း ဖျက်လိုဖျက်ဆီးဆောင်ရွက်၊
- ❑ နိုင်ငံတော်စည်းလုံးညီညွတ်ရေး ပြိုကွဲစေရန်ရည်ရွယ်လျက် ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် တစ်မျိုးပြီးတစ်မျိုး ဖန်တီးလုပ်ဆောင်နေသည့် အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို ပြည်သူများအားလုံးက ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ကာကွယ်တိုက်ဖျက်။

ရန်ကုန်/မန္တလေးဈေးသဘော်မြရောထွက်ခွာမည်

ရန်ကုန် ဧပြီ ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေးဈေးသဘော်ခေါက်ရေ (၁) မြရောရေယာဉ်သည် မေ ၁၀ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း–၂၉၂၁၉၉၊ ၂၉၂၃၁၉တို့သို့သော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း၊ နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး နို
နိုင်ငံတော်စီမံကိန်းကြီးများဆောင်ရွက်ရာတွင် မကုန်သင့်သည်ကို မကုန်စေရအောင် လေ



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြံခင်းဘိလပ်မြေစက်ရုံ၏ ကုန်ကြမ်းကြိတ်စက်၊ ကုန်ချောကြိတ်စက်တို့တွင် အသုံးပြုသည့် စက် အစိတ်အပိုင်းများ၊ ကြံခင်းဘိလပ်မြေစက်ရုံက တီထွင်ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ နံနက်၁၀နာရီတွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော မမြရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဧရာဝတီတိုင်းအတွင်း တည်ဆောက်လျက်ရှိသည့် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ တည်ဆောက်ထားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မမြရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပင်မတမံ၊ ရေထိန်းမြောင်းစင်၊ ရေပိုလွှဲလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်းအတွင်း လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ၊ ရေလှောင်တမံနှင့် ရေထိန်းတံခါး စီမံကိန်းများဖြင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးမြှင့် ဆောင်ရွက်လာနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စီမံကိန်းလုပ်ငန်းစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး မမြရေလှောင်တမံစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှုရပ်မှတစ်ဆင့် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေထိန်းမြောင်းစင် တည်ဆောက်ပြီးစီးမှု၊ ပင်မတမံမြေကြီးလုပ်ငန်းကို စက်ယန္တရားများဖြင့်ဆောင်ရွက်နေမှု၊ အလျားပေ ၁၂၈၀၊ အကျယ်ပေ ၁၅၀ရှိ ရေပိုလွှဲလုပ်ငန်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မမြရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၁၁၈၀၀၊ တမံအမြင့် ပေ ၁၅၀ ရှိမည်ဖြစ်ပြီး ဧက ၁၀၀၀၀ ကို ဆည်ရေပေးဝေ

င့်မားစေရေး နိုင်ငံတော်ဖွံ့ ဖြိုးတိုးတက်ရေးအစီအမံအမျိုးမျိုး အကောင်အထည်ဖော်ပေးနေ
ရအောင် လေလွင့်မှုယိုဖိတ်မှုမရှိစေရေး ဘဏ္ဍာငွေကြေးနှင့်စက်သုံးဆီကအစ ခြိုးခြံချွေတာ



နိုင်မည်ဖြစ်သည်။ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၄၅ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း သိရှိရသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကညင်ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကညင်ရေလှောင်တမံ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ဆည်မြောင်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က တည်ဆောက်ရေးလုပ်ငန်းများအနက် မြေကြီးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရေ့အလားအလာ

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဆည်မြောင်းတာတမံ စီမံကိန်းများဖြင့် ဧရာဝတီတိုင်းအတွင်း မိုးစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်မည့် ရေ့အလားအလာတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီးနောက် စီမံကိန်းတာဝန်ရှိသူများ၊ ဝန်ထမ်းများအား မှာကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံအမျိုးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း။

ထိန်းသိမ်းဆောင်ရွက်

တိုင်းပြည်နှင့်ပြည်သူ့အကျိုး ဖြစ်ထွန်းစေလိုသည့် ဆန္ဒသက်သက်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ငွေကြေးအမြောက်အမြားကျခံဆောင်ရွက်ပေးနေရာ နိုင်ငံတော်စီမံကိန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မကုန်သင့်သည်ကို မကုန်စေရအောင် လေလွင့်မှုယိုဖိတ်မှုမရှိစေရေး၊ ဘဏ္ဍာငွေကြေးနှင့် စက်သုံးဆီကအစ ခြိုးခြံချွေတာရေးတို့အတွက် ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ဧပြီ ၂၆ရက် ညပိုင်းတွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဟသ်ာတခရိုင် ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များအားတွေ့ဆုံ၍ အသင်းကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် စည်းရုံးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေးတွင် အသင်းဝင်များက တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍ လည်းကောင်း အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၆ရက် ည ၈နာရီခွဲတွင် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိရာ ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ကြံခင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးနှင့် မြန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း အားလုံးပြီးစီးအောင်တည်ထောင်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိရာ မိမိတို့ မြို့နယ်အလိုက် ကျေးရွာများအားလုံး သတ်မှတ်ကာလအတွင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်နိုင်ရေးအတွက် ပညာပေးစည်းရုံးခြင်း၊ ဒေသအာဏာပိုင်များနှင့်ပူးပေါင်းညှိနှိုင်းခြင်းများ ကြိုးပမ်းဆောင်ရွက်အကောင်အထည်ဖော်ကြရန်၊ မိမိမြို့နယ်များအတွင်း တည်ထောင်ပြီး ကျေးရွာ

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကြံခင်း ဘိလပ်မြေစက်ရုံ ကုန်ကြမ်းကြိတ်စက် အမှတ်(၂)ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကြံခင်းဘိလပ်မြေစက်ရုံ ညှို့ခန်းမဆောင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး ကြံခင်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ဟသ်ာတခရိုင် ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့မှ အသင်းအလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ထမ်းများအနေဖြင့် ဝေးလံခက်ခဲသည့် အရပ်ဒေသများ၌ ပင်ပန်းဆင်းရဲခံကာ တာဝန်များကျေပွန်စွာ ထမ်းဆောင်နေရသည်ကို သိရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် စိတ်ထားမြင့်မြတ်မှုအပေါ်လည်း တစ်ဖက်က အားပြုနေရကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်သူ့ အကျိုးအတွက် ဆောင်ရွက်ရသည့် ကောင်းမြတ်သော လုပ်ငန်းရပ်များအပေါ် ဝမ်းသာဂုဏ်ယူပြီး လုပ်ငန်းများအလေအလွင့်မရှိ ပြီးမြောက်အောင်မြင်စေရအောင် တာဝန်သိစိတ်ဖြင့် စိတ်ထားမြင့်မြင့်မြတ်မြတ်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ကညင်ရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး ပင်မတမံ အလျားပေ ၃၇၅၀၊ ကုန်းကြောတမံ အလျားပေ ၂၈၅၀နှင့် တမံအမြင့် ၁၉၄ ပေရှိမည်ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧက ပေ၁၄၈၀၀ ရှိပြီး ဧက၂၅၀၀၀ ကို ရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာတမ်းများကို စနစ်တကျထိန်းသိမ်းထားရှိရေး၊ ကျေးလက်နေပြည်သူများ စာဖတ်သည့်အလေ့အထရရှိလာအောင် စည်းရုံးဆောင်ရွက်ရေး၊ စာအုပ်စာတမ်းအသစ်များ အစဉ်တိုးတက်ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် စာဖတ်သူဦးရေ တစ်နေ့တခြား ပိုမိုတိုးပွားလာရေးတို့အတွက် ဝန်ထမ်းအားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို စည်းကမ်းစနစ်တကျဖြင့် တိုးတက်ခိုင်မာသည့် စာကြည့်တိုက်များအဖြစ် ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေရရှိရန် စာအုပ်ငှားရမ်းခများကို သက်ဆိုင်ရာ ကျေးရွာတာဝန်ရှိသူများ၏ ညှိနှိုင်းသတ်မှတ်သော သက်သာသည့်နှုန်းထားဖြင့် ငှားရမ်းရေး ဆောင်ရွက်ကြရန်၊ နံရံကပ်စာစောင်များတွင် ပြည်သူများဗဟုသုတရဖွယ်များ၊ သတင်း အချက်အလက်များ ဝေဝေဆာဆာဖြင့် အမြဲတစေလဲလှယ်ဆောင်ရွက်ရန်၊ ကျေးရွာတိုင်း၊ အိမ်တိုင်းတွင် ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုများ ပိုမို ပြန့်ပွားစေရေးစည်းရုံး ဆောင်ရွက်ရန်တို့ကို မှာကြားသည်။ **(သတင်းစဉ်)**

နံ့သာရည် ပက်ဖျန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား(မိုးကောင်း)ဖွင့်ပွဲ အခမ်းအနားတွင် တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။
(သတင်းစဉ်)

ငြိမ်းချမ်းရေးအဖွဲ့များနှင့် လုပ်ငန်းရှင်များကပါ တာဝန်တစ်ရပ်အဖြစ်ခံယူပြီး နည်းလမ်းမျိုးစုံဖြင့် စပါးတိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည့်အတွက် ဖူလုံပိုလျှံလာသည်ကို တွေ့ရကြောင်း။

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုအပေါ်အခြေခံပြီး ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ ဖိဖိစီးစီး ကြိုးစားပမ်းစား လုပ်ကိုင်ခဲ့ကြသဖြင့် ကချင်ပြည်နယ်သည် ဆန်လိုဒေသကနေ လွတ်မြောက်ပြီး ဆန်စပါးပိုလျှံသည့် ပြည်နယ်အဖြစ် ခိုင်မာစွာရပ်တည်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ မှန်ကန်သည့် မူဝါဒ ဆိုင်ရာလမ်းညွှန်မှု၊ တွန်းအားပေးမှု၊ ပံ့ပိုးကူညီမှု၊ နယ်မြေတာဝန်ခံများ၏ မနားမနေ ကွင်းဆင်းကြပ်မတ်အားပေးမှု၊ ဒေသခံပြည်သူ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်စွာဖြင့် လုံ့လဝီရိယစိုက်ထုတ်မှုစသည့် လုပ်အားအပေါင်းအစုကြောင့် ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးမှုသည် တစ်နှစ်ထက်တစ်နှစ် သိသာစွာတိုးတက်လာနေခြင်းဖြစ်ကြောင်း။

လက်တွေ့ခံစားနေရပြီ

ယခုကဲ့သို့ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီး တိုးတက်အောင်မြင်မှု အသီးအပွင့်များ ပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း ကချင်ပြည်နယ်အေးချမ်းတည်ငြိမ်မှုရရှိပြီး တရားဥပဒေ စိုးမိုးလွှမ်းခြုံနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပြီး ဦးထမ်းပွဲထမ်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြခြင်းသည်လည်း အားရစရာဖြစ်ကြောင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁

ကျွန်းတောတံတား(မိုးကောင်း)

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား(မိုးကောင်း)ကို တွေ့ရစဉ်။ **(သတင်းစဉ်)**

စာမျက်နှာ ၃မှ

တာပိန်တံတား၊ တဘက်ချောင်းတံတား၊ နမ့်မြစ်ခ ဘေလီတံတား၊ မလိယန်ဘေလီတံတား၊ နမ့်ဆန်ယန်တံတား၊ မိုးလဲတံတား၊ ဟိုပင်တံတား၊ မိုးကောင်းတံတား၊ မိုးညှင်းတံတား၊ စင်းခန်းတံတားနှင့် ယနေ့ဖွင့်လှစ်သည့် ကျွန်းတောတံတား(မိုးကောင်း)အပါအဝင် တံတား ၁၃ စင်း ရှိပြီဖြစ်ကြောင်း။

တစ်ဖက်မှ ယခုကဲ့သို့ မော်တော်ကားလမ်းများ အသစ်ဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ လမ်းဟောင်းများကို အဆင့်မြှင့်တင်ခြင်း ပြုလုပ်နေသကဲ့သို့ လေကြောင်းပို့ဆောင်ရေးအနေဖြင့်လည်း မြစ်ကြီးနား လေယာဉ်ကွင်းနှင့် ပူတာအိုလေယာဉ်ကွင်းတို့ကို အဆင့်မြှင့်တင်ခဲ့ပြီး ဗန်းမော် လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင် ပြုပြင်လျက်ရှိကြောင်း။

စည်းလုံးချစ်ကြည်

ယခင်က မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းဆက်သွယ်ရေး လမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင်သာ တောင်နှင့်မြောက်သွယ်တန်းလျက် ရှိခဲ့ကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် မြန်မာနိုင်ငံအရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် အစိတ်အပိုင်းအားလုံးကို ဆက်သွယ်စေရန် မော်တော်ကားလမ်းများ၊ ရထားလမ်းများကို ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်ပေးခဲ့သည့်အပြင် လိုအပ်သောနေရာတိုင်းတွင် မြစ်ကူးတံတားကြီးများကိုပါ တစ်ဆက်တည်း တည်ဆောက်ပေးခဲ့ကြောင်း၊ အသစ်ဖောက်လုပ်သည့် ကားလမ်းများသည် နိုင်ငံနှင့်အဝန်း ပြည်ထောင်စုလမ်းမကြီးများအသွင် ဖြစ်ပေါ်လာပြီး ယခင်ကကဲ့သို့နီးလျက်နှင့်ဝေးရသော အခြေအနေမှ တိုင်းရင်းသားလူမျိုးများအားလုံး ဒေသမရွေး စည်းလုံးချစ်ကြည်စွာ ကူးသန်းဆက်သွယ်နိုင်သည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ပြီးဖြစ်ကြောင်း။

ဤသို့ လမ်းပန်းဆက်သွယ်မှုအပိုင်းကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေသကဲ့သို့ ကချင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက်လည်း လိုအပ်သည့်အခြေခံများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း။

ဖူလုံပိုလျှံလာ

ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်သောင်းကျန်းမှု ချုပ်ငြိမ်းပြီး တိုင်းရင်းသားညီအစ်ကို သွေးချင်းသားချင်းများအကြား ငြိမ်းချမ်းမှု၊ နားလည်မှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့၏ စွမ်းအားကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့သာမက ကချင်ပြည်နယ်၏ စီးပွားရေးတိုးတက်မှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်ဖြင့် သိသိသာသာ တိုးတက်လာလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ကချင်ပြည်နယ်သည် ယခင်ကာလများက ဒေသဆန်ဖူလုံမှုမရှိဘဲ ပြည်မကဆန်ကိုသာ မှီခိုအားထားနေရသည့် အခြေအနေရှိနေရာမှ ပြည်နယ်အတွင်းရှိ မိရိုးဖလာ တောင်သူလယ်သမားများသာမက နိုင်ငံဝန်ထမ်းများရော၊

ငြိမ်းချမ်းမှုနှင့် ပူးပေါင်းမှုတို့၏ ကောင်းကျိုးရလဒ်များ

- ဧရာဝတီမြစ် အရှေ့ခြမ်းတွင် မဟာဗျူဟာ ကားလမ်းအသစ်ပေါ်ထွက်လာပြီဖြစ်သည့်အတွက် ကချင်ပြည်နယ်အဖို့ တကောင်းကားလမ်း ထွက်ပေါက်တစ်ခုထပ်မံတိုးတက်လာ။
- နိုင်ငံတော်၏ မှန်ကန်သည့် မူဝါဒဆိုင်ရာလမ်းညွှန်မှု၊ တွန်းအားပေးမှု၊ ပံ့ပိုးကူညီမှု၊ နယ်မြေတာဝန်ခံများ၏ မနားမနေ ကွင်းဆင်းကြပ်မတ်အားပေးမှု၊ ဒေသခံပြည်သူ တိုင်းရင်းသား ပြည်သူများ၏ စည်းလုံးညီညွတ်စွာဖြင့် လုံ့လဝီရိယစိုက်ထုတ်မှုစသည့် လုပ်အားအပေါင်းအစုကြောင့် ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးမှုသည် တစ်နှစ်ထက်တစ်နှစ် သိသာစွာတိုးတက်လာနေ။
- နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီးတိုးတက်အောင်မြင်မှု အသီးအပွင့်များ ပေါ်ပေါက်လာအောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း ကချင်ပြည်နယ်အေးချမ်းတည်ငြိမ်မှုရရှိပြီး တရားဥပဒေ စိုးမိုးလွှမ်းခြုံနေခြင်း ကြောင့်ပင်ဖြစ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပြီး ဦးထမ်းပွဲထမ်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြခြင်းသည်လည်း အားရစရာဖြစ်၊ ငြိမ်းချမ်းမှုနှင့် ပူးပေါင်းမှုတို့၏ ကောင်းကျိုးရလဒ်များကို ကချင်၊ ရှမ်း၊ ဗမာ၊ ဂျိန်းဖောစသည့် ကချင်ပြည်နယ်တွင် စုစည်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုများ လက်တွေ့ခံစားနေကြရပြီ။
- နိုင်ငံတော်သစ်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ စုစည်းပေါ်ထွက်လာချိန်တွင် ကချင်ပြည်နယ် အပါအဝင် ပြည်နယ်၊ တိုင်းအားလုံးတွင်ရှိသော တိုင်းရင်းသားပြည်သူများအားလုံးသည် ဒို့တာဝန်အရေးသုံးပါးကို မျက်ခြည်ပြတ်မခံဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်အောင် ကမ္ဘာတည်သရွေ့ အမိပြည်ထောင်စုနိုင်ငံတော်ကြီး ထည်ထည်ဝါဝါ တည်တံ့ခိုင်မြဲအောင် လက်တွဲပူးပေါင်းစွမ်းဆောင်။

29-4 (10).p65 1 3/25/05, 6:58 PM

စာမျက်နှာ ၁၀ မှ

ငြိမ်းချမ်းမှုနှင့် ပူးပေါင်းမှုတို့၏ ကောင်းကျိုးရလဒ်များကို ယနေ့ ကချင်၊ ရှမ်း၊ ဗမာ၊ ဂိုန်းဖောစသည့် ကချင်ပြည်နယ်တွင် စုစည်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုများ လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း။

အလားတူပင် ပြည်ထောင်စုကြီး၏ အခြားပြည်နယ်၊ တိုင်းအားလုံး၌လည်း လိုအပ်သော စီးပွားရေးအခြေခံ အဆောက်အအုံ၊ ပညာရေးနှင့် ကျန်းမာရေး အခြေခံအဆောက်အအုံ၊ လမ်းပန်းဆက်သွယ်မှု အဆောက်အအုံစသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခြေခံများကို တစ်ပြိုင်တည်းတည်ဆောက်နိုင်ခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း ကြိုးကြိုးစားစားလုပ်ကိုင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ပြည်နယ်၊ တိုင်းအားလုံးသည် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊ ခြုံလိုက်လျှင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် ငြိမ်းချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရိပ်အာဝါသကောင်းကို ရရှိခံစားနေကြရပြီဖြစ်ကြောင်း။

စတင်အကောင်အထည်ဖော်

ဤကဲ့သို့ အခြေခံကောင်းများအပေါ် ရပ်တည်ပြီး နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ညင်သာစွာ အသွင်ကူးပြောင်းပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မူလပိုင်ရှင်ဖြစ်သည့် ပြည်သူများထံစနစ်တကျ ပြန်လည်အပ်နှံရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း ခိုင်ခိုင်မာမာ ချမှတ်ပြီး စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုကဲ့သို့နိုင်ငံတော်သစ်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ စုစည်းပေါ်ထွက်လာချိန်တွင် ကချင်ပြည်နယ်အပါအဝင် ပြည်နယ်၊ တိုင်းအားလုံးတွင်ရှိသော တိုင်းရင်းသားပြည်သူများအားလုံးသည် ဒို့တာဝန်အရေးသုံးပါးကို မျက်ခြည်ပြတ်မခံဘဲ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်အောင် ကမ္ဘာတည်သရွေ့ အမိပြည်ထောင်စု နိုင်ငံတော်ကြီး ထည်ထည်ဝါဝါ တည်တံ့ခိုင်မြဲအောင် လက်တွဲပူးပေါင်း စွမ်းဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားရင်း ကျွန်းတောတံတား(မိုးကောင်း)ကို တာဝန်ယူ တည်ဆောက်သူများ၊ ဝိုင်းဝန်းအထောက်အကူပြုသူများ၊ ကြီးကြပ် ကွပ်ကဲသူများ အားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေးနေ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ကျွန်းတောတံတား (မိုးကောင်း) ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်လျက်ရှိရာတွင် စီးပွားရေး အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတည်ဆောက်ပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်လာစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

မြှင့်တင်ပေးနိုင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နယ်စပ်ဒေသများပါမကျန် ဒေသတစ်ခုနှင့်တစ်ခုလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေးကို ရှေးရှုပြီး တိုတောင်းသည့်အချိန်ကာလအတွင်း လမ်း၊ တံတားများကို တည်ဆောက်ပေးနေကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုပတ်ဝန်းကျင်အနေအထားတို့ကို မြှင့်တင်ပေးနိုင်ကြောင်း လမ်းညွှန်မှုပြုထားခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းတွင် အခြေခံအကျဆုံး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

ကချင်ပြည်နယ်အတွက် ဤတံတားသည် ပေ ၁၈၀နှင့်အထက် ၁၃စင်းမြောက် တံတားဖြစ်ပါကြောင်း၊ လမ်းဆိုလျှင်လည်း ၁၉၈၈ခုနှစ်က ၁၄၇၁ မိုင်ရှိခဲ့ပြီး ယခုဆိုလျှင် ၁၆၂၉ မိုင်ရှိလာပြီဖြစ်၍ ၁၅၈မိုင် တိုးတက်ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်သည့် ကျွန်းတောတံတားသည် တောင်နှင့်မြောက် အလျားလိုက် ပြည်ထောင်စုလမ်းမကြီး ၃၅လမ်းထဲက တစ်ခုဖြစ်သော ရွှေဘို-မြစ်ကြီးနားလမ်းမကြီးပေါ် မိုးကောင်းမြို့အဝင် မိုင်တိုင် (၂၄၇/၀)ကျွန်းတောရပ်ကွက်နှင့် အိုးတန်းရပ်ကွက်ကြား၌ရှိသည့် နန့်ရင်းချောင်းပေါ်တွင် ဖြတ်ပြီး တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ မိုးကောင်းမြို့၌ပင် မြစ်ကြီးနားမြို့ဘက်အထွက် နန့်ကောင်းချောင်းပေါ်တွင် ၉၄၅ ပေရှည်သည့် မိုးကောင်းတံတားကိုလည်း မနှစ်က ပြည်ထောင်စုနေ့အကြိုအဖြစ် ၁၀-၂-၂၀၀၄ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး တစ်နှစ်ကျော်အကြာ ယနေ့တွင် ကျွန်းတောတံတားကို ဖွင့်လှစ်ပေးနိုင်ခြင်း ဖြစ်ကြောင်း။

ဤကျွန်းတောတံတားကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် မိုးကောင်းမြို့နယ်က ရပ်ကွက် ၁၀ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄စု၊ ကျေးရွာ၇၄ရွာက ပြည်သူတစ်သိန်းခွဲကျော်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် တိုက်ရိုက်အကျိုးပြုသွားမည်ဖြစ်ပါကြောင်း၊ ဤနယ်က စပါးစိုက်ဧကခြောက်သိန်းကျော်က ထွက်ရှိမည့် ဆန်စပါးများ၊ မြေပဲ၊ နှမ်း၊ နေကြာနှင့် ကြံထွက်ကုန်များကို ပြည်နယ်အတွင်းသာမကဘဲ အခြားပြည်နယ်၊ တိုင်းများအထိပါ အပြန်အလှန် သယ်ပို့ရောင်းချနိုင်ရေးအတွက် အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ ကချင်ပြည်နယ်၏ အဖိုးတန်ထွက်ကုန်ဖြစ်သော ကျောက်စိမ်းထွက်ရှိသည့် လုံးခင်း၊ ဖားကန့်ဒေသကို သွားလာကူးသန်းရန်လည်း ယခင်ကထက်ပိုပြီး အဆင်ပြေချောမွေ့တော့မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အားလုံးမျှမျှတတတိုးတက်

ဆက်လက်၍ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ မိုးကောင်းမြို့အဝင် ကျွန်းတောတံတားဖွင့်လှစ်ခြင်းသည် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်မှ နံပါတ်တစ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအချက်နှင့်အညီ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို မျှမျှတတကွက်လပ်မကျန် တစ်ပြိုင်တည်းခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် လိုအပ်ချက်များကို လေ့လာဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိရာတွင် ယခုကျွန်းတောတံတား တည်ဆောက်ပေးခဲ့ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးရေးဇုန် ၂၄ဇုန် သတ်မှတ်ပြီး ပြည်နယ်နှင့်တိုင်းအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသပါမကျန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤရွှေဘို-မြစ်ကြီးနားလမ်းပေါ်တွင် ငါးပေ၊ ၁၀ပေ သစ်သားတံတားများကို ကွန်ကရစ်တံတားများအဖြစ် ဆောက်လုပ်ပေးခဲ့ကြောင်း၊ ယခုလည်း ဆက်ဆောက်နေဆဲဖြစ်ကြောင်း၊ ပေ ၁၈၀အထက်တံတားများကို တံတားအထူးအဖွဲ့များက ဆောက်လုပ်ပေးခဲ့ရာ ဤလမ်းပေါ်တွင် ယခုတံတားနှင့်ဆိုလျှင် လေးစင်းရှိသွားပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး နမ္မတီး-ကန်လှတံတားကိုလည်း စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း။

ဤကျွန်းတောတံတားသည် ကချင်ပြည်နယ်နှင့် အခြားပြည်နယ်နှင့်တိုင်းများသို့ ကုန်စည်စီးဆင်းမှုတွင် အရေးပါသော တံတားတစ်စင်းလည်းဖြစ်ကြောင်း၊ ကျောက်စိမ်းနယ်မြေ ဖားကန့်၊ ခန္တီးသို့အခြားပြည်နယ်နှင့် တိုင်းများနှင့် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသတို့မှ ခရီးသည်များသွားလာရာလမ်းပေါ်တွင်လည်း အဓိကကျသော တံတားလည်းဖြစ်ကြောင်း။

ထို့ကြောင့် ကျွန်းတောတံတားကြီးအား တည်ဆောက်ပေးပါသော နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၅)မှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအားလုံးကို ကချင်ပြည်နယ်သူ ပြည်နယ်သားများကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း။

ကချင်ပြည်နယ်တိုးတက်လာမည်

ပူတာအိုမှတစ်ဆင့် မချမ်းဘော-နောင်မွန်းအထိ ကားသွားနိုင်ပြီး ဂေါ်လဲထုအထိ ကားငယ်များသွားနိုင်ကြောင်း၊ မြန်မာပြည်၏ မြောက်ဘက်အကျဆုံးမြို့ကလေးဖြစ်သော ပန်နန်းဒင်မြို့အထိ ဆိုင်ကယ်လမ်းသွားနိုင်ရန် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ နောင်ဆိုလျှင် အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ခါကာဘိုရာဇီရေခဲတောင်သို့ သွားရာလမ်း၌ ပန်နန်းဒင်အထိ ကားငယ်များဖြင့် သွားနိုင်အောင်ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ပူတာအိုမှ အနောက်ဘက် ဖုန်ကန်ရာဇီရေခဲတောင်သို့ ဂျစ်ကားသွားနိုင်ရန် လူအား၊ စက်အားတို့ဖြင့် ဖောက်လုပ်လျက်ရှိရာ ယခုဆိုလျှင် ၁၀ မိုင်ကျော် လမ်းကြမ်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဤလမ်း၌ရှိသော မြစ်ချောင်းများကို ကြိုးတံတား ၁၁ စင်း ဆောက်လုပ်လျက်ရှိရာ ယခုဆိုလျှင် ရှစ်စင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဤရေခဲတောင်များဆီ သွားသည့်လမ်းနှစ်သွယ်ပြီးစီးသွားခဲ့လျှင် ခရီးသွားဧည့်သည်များနှင့် ကချင်ပြည်နယ်တွင် စည်ကားတိုးတက်လာတော့မည်ဖြစ်ကြောင်း။

နောက် ဧရာဝတီ အရှေ့ဘက်ခြမ်းတွင်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကုန်စည်ဖလှယ်နိုင်အောင် တရုတ်ပြည်အစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့ ပူးပေါင်းပြီး ကန်ပိုက်တီး-ဝါရှောင်လမ်းကို ကတ္တရာလမ်းအဖြစ် ဖောက်လုပ်လျက်ရှိပြီး၊ မိုးမောက်-လွယ်ဂျယ်လမ်းကို ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်လျက်ရှိကြောင်း၊ နှစ်နှစ်အတွင်း လုံခြုံချောမွေ့သည့်လမ်းမကြီးများ ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ နောင်ဆိုလျှင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယတို့နှင့် လွယ်လင့်တကူ ကုန်ချင်းဖလှယ်နိုင်တော့မည်ဖြစ်ကြောင်း။

အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

ယခုကဲ့သို့ လမ်းများဖောက်၊ တံတားများဆောက်လုပ်နေခြင်းသည် ပြည်နယ်နှင့် တိုင်းအသီးသီး တစ်ပြေးညီ ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးလာစေရန် နိုင်ငံတော်အစိုးရကဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အများပြည်သူသိသည့်အတိုင်း နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးအဖွဲ့ ၁၇ ဖွဲ့နှင့်အတူ ပူးပေါင်းပြီး တပ်မတော်နှင့်ပြည်သူကြည်ဖြူစွာ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို တစိုက်မတ်မတ် ဆောင်ရွက်နေသဖြင့် ယခင်က မမျှော်မှန်းနိုင်သည့် ဒေသ များကို ယခုလွယ်လင့်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်ဆိုလျှင် အချိန်တိုအတွင်း နယ်စပ်ဒေသမကျန် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဤ ရွှေဘို- မြစ်ကြီးနားလမ်းပေါ်ရှိ ပေ ၁၈၀ အထက်တံတားများကို အခိုင်အမာတံတားအဖြစ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ဒီလိုဆောင်ရွက်ပေးခဲ့သဖြင့် နယ်စပ်ဒေသမကျန် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လျှပ်စစ်ရရှိရေးများလည်း တိုးတက်လာခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေစိုးမိုးနိုင်ရေးတို့လည်း အချိန်နှင့်တစ်ပြေးညီ တစိုက်မတ်မတ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်နှင့်အမျှ တိုင်းရင်းသားများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူပြုနေပြီဖြစ်၍ စည်းလုံးညီညွတ်စွာ အေးချမ်းသာယာပြီးဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်တံ့ခိုင်မြဲနိုင်အောင် နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ပူးပေါင်းကူညီဆောင်ရွက်သွားကြပါ။ ဤတံတားကြီး ခိုင်ခံ့တည်မြဲရေးကိုလည်း ပြည်သူများက စောင့်ရှောက်ထိန်းသိမ်းကြပါ။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့အတူလက်တွဲလျှောက်လှမ်း တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် တံတားတည်ဆောက်ပေးမှုနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား မိုးကောင်းမြို့နယ် အရှေ့ရပ်ကွက်မှ ဦးတင်ဌေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် တံတားထိပ်မုခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ကျွန်းတောတံတား(မိုးကောင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ဒေသခံတိုင်းရင်းသားများ၊ တံတားတည်ဆောက်ရေးတာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မော်ကွန်းကျောက်စာတိုင်ဖွင့်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျွန်းတောတံတား(မိုးကောင်း)၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ရှေ့တွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုတိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကျွန်းတောတံတား(မိုးကောင်း)ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်လိုက်သော ကျွန်းတောတံတား(မိုးကောင်း)သည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၂၄၇/၀)ရှိ နန့်ရင်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားပြီး အရှည် ၃၆၆ပေ၊ အကျယ် ၂၆ပေကျယ်သည့် သံကူကွန်ကရစ်အမျိုးအစား နှစ်လမ်းသွားတံတားဖြစ်သည်။ တံတားနှစ်ဘက်တွင် လေးပေစီကျယ်သော လူသွားလမ်းများပါရှိပြီး တံတား၏ ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၁၈၀ နှင့် အမြင့် ခုနစ်ပေရှိသည်။ တံတား၏ ခွင့်ပြုတန်ချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်သည်။ **(သတင်းစဉ်)**

ကွယ်လွန်သူအစ္စရေးသမ္မတဟောင်းအတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ယနေ့ နံနက် ၁၁နာရီခွဲတွင် အမှတ် ၁၅ ခပေါင်းလမ်း လှိုင်မြို့နယ်ရှိ အစ္စရေးသံရုံးသို့ သွားရောက်၍ ကွယ်လွန်သူ အစ္စရေးသမ္မတဟောင်း မစ္စတာအီဇာဝိုက်(ဇ်)မန်အတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(ယာပုံ)**

(သတင်းစဉ်)

29-4 (11).p65 1 3/25/05, 6:58 PM

ပခုက္ကူခရိုင်အတွင်း ဒေသဝမ်းစာဖူလုံရေး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ဒေသဖွံ့ဖြိုးရေးနှင့် စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေး တက်ညီလက်ညီကြိုးပမ်း

ရန်ကုန် ဧပြီ ၂၈

မကွေးတိုင်း ပခုက္ကူ မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဧပြီ၂၄ရက်နံနက်ပိုင်းက နယ်မြေခံတပ်နယ် အစည်းအဝေးခန်းမ၌ ပခုက္ကူခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စပါးတိုးချဲ့ စိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တပ်မတော် အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသောင်းအေးက ပခုက္ကူခရိုင်၏ စပါးတိုးချဲ့စိုက်ပျိုးနိုင်မှု၊ ဆည်နှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကြောင့် စပါးတိုးချဲ့စိုက်ပျိုးနိုင်မှု၊ ပခုက္ကူခရိုင် ဒေသဆန်ဖူလုံရေးအတွက် ဆောင်ရွက်သည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပခုက္ကူခရိုင် ကျေးလက်အဆင့် ဆည်၂၄ခုတွင် စပါး တိုးချဲ့စိုက်ပျိုးနိုင်မှု၊ ဒေသဆန် ဖူလုံရေးဆောင်ရွက်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်မှု

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနနှင့်သက်ဆိုင်သည့် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်အတွင်း ဒေသဝမ်းစာ ဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြု စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ဆည်ငယ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီး စပါးတိုးချဲ့စိုက်ပျိုးနိုင်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကုန်းစောင်းမြေစိုက်ခင်း

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်နယ်အတွင်း သစ်ပင်များ စိုက်ပျိုးထားရှိမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့နယ်အပူပိုင်းဒေသ ကုန်းစောင်းမြေစိုက်ခင်းနှင့် ရေတင်စက်၊ ရေသိုလှောင်ကန်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ပခုက္ကူမြို့ ဆုကြီးပန်တောင်ပေါ်ရှိ မြို့ရေပေးရေးစီမံကိန်း ရေလှောင်ကန်အမှတ်(၁)သို့ ရောက်ရှိကြရာ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ပခုက္ကူမြို့ ရေပေးဝေရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မှန်စီတောင်နှင့် နှစ်ကျိပ်ရှစ်ဆူတောင်တို့၌ ရေပေးကန်များ တည်ဆောက်ပြီး ရေပေးဝေရေးဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရေပိုမိုပေးဝေရေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆုကြီးပန်တောင်ပေါ်၌ ရေကန်ထပ်မံ တည်ဆောက်ခြင်း၊ စက်ရေတွင်းများ တူးဖော်ခြင်းဖြင့် ရေပိုမိုပေးဝေရေး ဆောင်ရွက်ရန် မှာကြားသည်။

ပခုက္ကူတက္ကသိုလ်

ထိုမှတစ်ဆင့် ပခုက္ကူ တက္ကသိုလ် (ပင်မဆောင်)ဆောက်လုပ်ရေးစီမံကိန်းသို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဦးစိုးမြင့်က ပခုက္ကူ တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ စာပေသင်ကြားလျက်ရှိမှုကိုလည်းကောင်း၊ စီမံကိန်းမန်နေဂျာဦးယုတင်က ပခုက္ကူတက္ကသိုလ် (ပင်မဆောင်)ဆောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပခုက္ကူတက္ကသိုလ်(ပင်မဆောင်) ဆောက်လုပ်နေမှုကိုလှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင် ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ယင်းနောက် ပခုက္ကူမြို့ ဝင်းသူဇာ အရောင်းဆိုင်သို့ရောက်ရှိစစ်ဆေးကြသည်။

သာယာစိုပြည်ရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ မြကန်သာအပန်းဖြေဥယျာဉ်သို့ ရောက်ရှိစစ်ဆေးကာ ပန်းခြံ သာယာစိုပြည်ရေး ပြုပြင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် သီဟိုဠ်ရှင် ဘုရားသို့ ရောက်ရှိပြီး ဖူးမြော်ကြည်ညိုကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧပြီ၂၄ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကျေးလက်ဖွံ့ဖြိုးရေး

ဧပြီ၂၄ရက်နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်နယ် ရဲတံခွန်ခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံ၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်တွင်ပိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးများ မှာကြားကာ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ် ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှို့ဝှက်သောနှင်း ရုံလေးရုံ၌ အပြိုင်ပြသ လာမည့်သောကြာ အကယ်ဒမီပြုံးချိုကြီး ရုံဝင်လာမည်

ရန်ကုန် ဧပြီ ၂၈

စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးမှ အကယ်ဒမီစင်ရော်မောင်မောင် ခံစားတင်ပြသည့် လျှို့ဝှက်သောနှင်းဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံများနှင့် နဝဒေးရုံများတွင် အပြိုင်ပြသလျက်ရှိသည်။

‘လျှို့ဝှက်သောနှင်း’ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

လျှို့ဝှက်သောနှင်း ကို ကချင်ပြည်နယ်ရှိ ဖုန်ဂမ်ရာဇီ ရေခဲတောင်ကို နောက်ခံထားကာ နိုင်ငံတကာအဆင့်မီ ရိုက်ကူးထားသည်။ မြန်မာနိုင်ငံ၏ သဘာဝအလှအပများ၊ ရေခဲတောင်ရှုခင်းများ၊ ဒေသခံ ရဝမ်၊ လီဆူး ကချင် တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာယဉ်ကျေးမှုများကို မှတ်တမ်းတင်ထားသော ဇာတ်ကားဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

ရှေ့ဆောင်ရုံတွင် ဒါရိုက်တာ ပေါလ်ဒဗလျူအက်စ် အင်န်ဒါဆန်ရိုက်ကူးသည့် Alien Vs.Predator ဇာတ်ကား ရုံဝင်လာပြီး ဒါရိုက်တာ အော်လီဗာစတုန်းရိုက်ကူးသည့် The Legend of Alexander ဇာတ်ကားသစ် နေပြည်တော်ရုံတွင် စတင်ပြသနေသည်။ ရွှေဂုန်အဆင့်မြင့်ရုံ အပေါ်ထပ်တွင် Fair Game အက်ရှင်ဇာတ်ကား ပြသနေပြီး ရွှေဂုန်ရုံမြေညီထပ်တွင် **ဒါပဲနော်** မြန်မာဇာတ်ကား ပြသလျက်ရှိသည်။ တန်းမြင့်မြို့မရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကားသစ် Aetbaar ကို ကြည့်ကြရမည် ဖြစ်သည်။

‘ဒါပဲနော်’ဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်။

ရုပ်ရှင်သတင်းထောက်

မင်းရန်အောင်၊ ပဒေသာနှင့် မြရတနာရုံများတွင် ကမ်းထရီးစတားရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးသည့် **ကြိုးနှစ်စ** ဇာတ်ကား ပြသလျက်ရှိသည်။

‘အရက်သမား’ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်တို့၏ အမူအယာ။

မဟာမြိုင်၊ ရွှေဗဟို၊ ရောဝတီနှင့် မင်္ဂလာဒုံရုံများတွင် ဦးဖိုးကျား(ပညာဝန်)၏ဝတ္ထုကို အောင်မြင်ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးသည့် **အရက်သမား** အဆင့်မြင့်ဗီဒီယိုဇာတ်ကား ပြသလျက်ရှိသည်။ ကွယ်လွန်သူ သရုပ်ဆောင် မင်းသားကြီး ကောလိပ်ဂျင်နေဝင်း၏ နေရာတွင် သားဖြစ်သူ ရာဇာနေဝင်းက ပြန်လည်ဆန်းသစ် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

လာမည့် သောကြာပတ်တွင် **အကယ်ဒမီပြုံးချိုကြီး** ဇာတ်ကားသစ် သမ္မတ၊ သွင်၊ မင်္ဂလာရုံများနှင့် မန္တလေးမြို့ဝင်းလိုက်နှင့် မြို့မရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။

မာလိန်မှူးထူးစိန် ရုံတင်မည်

မင်းသိခ်၏ဝတ္ထုကို ဒါရိုက်တာခင်စောမျိုး ရိုက်ကူးသည့် ‘မာလိန်မှူးထူးစိန်’ အဆင့်မြင့် ဗီဒီယိုဇာတ်ကား မကြာမီ ရုံတင်မည်ဖြစ်သည်။ ‘မာလိန်မှူးထူးစိန်’ တွင် ကျောက်အိုးအဖြစ် ကျော်သူ၊ ထူးစိန်အဖြစ် ကျော်ရဲအောင်၊ မစ္စတာအဖြစ် ညွန့်ဝင်း၊ မေရီဆန်းဖိုးအဖြစ် လှအဉ္ဇလီတင့်တို့ ခေါင်းဆောင် ပါဝင်ထားပြီး ထွန်းလွင်အောင်၊ မင်းသစ္စာ၊ အရိုင်း၊ ရော၊ ညီရော်၊ ပုလဲဝင်း၊ သုမြေဦးတို့ အားဖြည့်ထားသည်။ ။ (မြန်မာ့အလင်း)

2005 Davis Cup-Asia Oceania Zone Group-IV ပြိုင်ပွဲကျင်းပ

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ကြည့်ရှုအားပေး

ရန်ကုန် မေ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 2005 Davis Cup-Asia Oceania Zone Group-IV တင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ယနေ့ကျင်းပသည့် ဒုတိယနေ့ပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် အိုမန်အသင်းက ဂျော်ဒန်အသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ ယူအေအီးအသင်းက ကာဂျစ်(စ်)တန်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဆီးရီးယားအသင်းက တာ့ခ်မင်နစ္စတန်အသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ စင်ကာပူအသင်းက မြန်မာအသင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို နံနက် ၈ နာရီမှစတင်၍ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ကြိုးစား ဆယ်မ



ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲများကို သိမ်ဖြူတင်းနစ်ကွင်းတွင် ဆက်လက် ကျင်းပရာ အုပ်စု(ခ)ပွဲစဉ်တွင် စင်ကာပူအသင်း၏ ရိုက်ချက်ကို မြန်မာအသင်းမှ မင်းမင်း ကြိုးစားဆယ်မစဉ်။
(မြန်မာ့အလင်း)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၂၄

တောင်ကြီးဂေါက်ကွင်းတွင် မေ ၂၄ ရက် နံနက်က ဒေါက်တာဗလ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနသည် ကျင်းအမှတ်(၅)၌ Power Distonce No . 1 အမျိုးအစားဘောလုံးအား Rapier သံတုတ်နံပါတ်(၆)ဖြင့် ရိုက်လိုက်ရာ ၁၈၇ ကိုက်အကွာအဝေးရှိ ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ယင်းအချိန်တွင် ကစားဖော်များအဖြစ် ဒေါက်တာချိုထွန်း (ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးမှူး)၊ ဒေါက်တာစိုးမြင့် (တာချီလိတ်ပြည်သူ့ဆေးရုံ)နှင့်စိုင်းရွှေအောင်(ပျားလိမ္မော်)တို့ အတူရှိနေကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြေတိုင်းပညာသင်တန်းဖွင့်

ရန်ကုန် မေ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ဦးစီးအရာရှိ မြေတိုင်းပညာ သင်တန်းအမှတ်စဉ်(၃/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က တိုက်ကြီးမြို့ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက် အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းမြေစာရင်းဦးစီးမှူး၊ ခရိုင်မြေစာရင်း ဦးစီးမှူးနှင့် အရာထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ဦးစီးအရာရှိ စုစုပေါင်း ၂၀ တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စပိန်လာလီဂါပွဲစဉ်

ရန်ကုန် မေ ၂၈

အိုဆာဆူနာ - ၀
ဗေလာရီးယဲလ် - ၀

(မြန်မာ့အလင်း)

ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်အနိုင်အရှုံး

ရန်ကုန် မေ ၂၈

နယူးကာဆယ် - ၀
မစ်ဒယ်ဘရော့ - ၀

ဝက်စ်ဘရွန်း - ၁
ဘလက်ဘန်း - ၁

(မြန်မာ့အလင်း)

စားပွဲတင်တင်းနစ်ပြိုင်မည်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ပထမအကြိမ် မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မေ ၁၉ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် မြို့နယ်များ ဦးလှမျိုးခိုင် (အတွင်းရေးမှူး၊ ဖုန်း-၅၁၃၃၃/၂၇၃)နှင့် အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတို့သို့ မေ ၁၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပြည်ထဲရေးနှင့် မလိခအသင်း သရေကျ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်းနှင့် မလိခအသင်းတို့ တစ်ဂိုးစီ သရေပွဲ ဖြစ်သွားသည်။

မလိခအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး ၁၀ မိနစ်အကြာတွင် ပြည့်မွန်က သွင်းယူပေးသည်။ ပထမအပိုင်းအပြီးတွင် မလိခအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ပြည်ထဲရေးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် နေသူလှိုင်က ခေါင်းတိုက်သွင်းယူပေးသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် ပြည်ထဲရေးအသင်းက ၁၄ ပွဲကစား (၁၂)မှတ်၊ မလိခအသင်းက ၁၅ ပွဲကစား (၇)မှတ်ရရှိထားကြသည်။ ပုဂ္ဂလိကအသင်းဖြစ်သော မလိခအသင်းသည် ပွဲကုန်သွားပြီး အဆင့် (၁၅)သာရရှိသဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီတွင် ပထမတန်းသို့ဆင်းရမည် ဖြစ်သည်။

ယနေ့ပွဲ

မေ ၂၉ ရက် **(ယနေ့)**ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ယှဉ်ပြိုင် အေစီမီလန်နိုင်၊ ချယ်လ်ဆီးနှင့်လီဗာပူး သရေကျ

လန်ဒန် မေ ၂၈

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် လီဗာပူးတို့ မေ ၂၇ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့ကြပြီး မေ ၂၆ ရက်က ကစားခဲ့သော ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်ဖြစ်သည့် အေစီမီလန်နှင့် ပီအက်စ်ဗွီတို့ပွဲတွင် အေစီမီလန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ချန်ပီယံလိဂ်ဆီးမီးဖိုင်နယ်သို့တက်ရောက်လာသည့် နောက်ဆုံးလေးသင်းတွင် အေစီမီလန်တို့ ဗိုလ်လုပွဲရောက်နိုင်သည့် အလားအလာအကောင်းဆုံးအသင်း ဖြစ်နေသည်။

ချယ်လ်ဆီးဂိုးမသွင်းနိုင်

ပရီမီယာလိဂ် ချန်ပီယံဖလားရရှိရန် ရာနှုန်းပြည့်သေချာနေပြီး ချန်ပီယံလိဂ်ဖလားရရှိရန်လည်း လက်တစ်ကမ်းအကွာသို့ရောက်လာသည့် ချယ်လ်ဆီးအသင်းသည် မိမိကွင်း စတမ်းဖိုဒ်ဘရစ်ကွင်း၌ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ကစားရာတွင် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့ရသည်။

မရဘဲရှိရာ မိနစ် ၆၀ တွင် ဖရန့်လမ်းပတ်က လီဗာပူး ဂိုးဇရိယာ ခပ်လှမ်းလှမ်းမှ အမှတ်မထင် အပြင်းကန်သွင်းချက်မှာလည်း ဂိုးပေါ် ကျော်သွားခဲ့သည်။

နှစ်သင်းစလုံး ကွင်းလယ်ကစားကွက်ကို စိုးမိုးရန် အားပြိုင်ရင်း ထိရောက်ပိုင်နိုင်သော ဂိုးသွင်းမှုများ မဖန်တီးနိုင်ခဲ့ရာမှ ဂိုးမရှိသရေပွဲဖြစ်ခဲ့

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဂျိုးကိုးလ်နှင့် လီဗာပူးအသင်းမှ ဂျရတ်(ဝဲ-ဒု)တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မိမိကွင်း၌ ဂိုးပြတ်သွင်းအနိုင်ယူရန်အတွက် ချယ်လ်ဆီးတို့ လူစုံထုတ်ကစားရာ ရှေ့တန်းတွင် ဒရော့ဘာ၊ ဂျိုးကိုးလ်နှင့်တီရာဂိုတို့ တိုက်စစ်အတွဲထားပြီး မာ့ခ်လီလီ၊ လမ်းပတ်၊ ဂတ်ဂျွန်ဆင်တို့ကို အလယ်တန်းတွင် ထားကာ တိုက်စစ်ကို ပံ့ပိုးဝိုင်းရံအားဖြည့်ကစားစေခဲ့သည်။

ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားကွက်ကို အသာစီးရအောင် ကစားနိုင်ခဲ့ပြီး လီဗာပူးနောက်တန်းကို ထိုးဖောက် ကစားနိုင်သော်လည်း တိုက်စစ်မှူးများက ရသည့်အခွင့်အရေးများကို အပြည့်အဝအသုံးမချနိုင်ခဲ့ပေ။ ချယ်လ်ဆီးကွင်းလယ်မှ ဖရန့်လမ်းပတ် ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဒရော့ဘာရရှိပြီး ကန်သွင်းခွင့်ရသော်လည်း ဆုံးဖြတ်ချက်မှားပြီး အခွင့်အရေးကောင်းကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။

ထို့အတူ လီဗာပူးကွင်းလယ်မှ ဂျရတ် ဂိုးရှေ့သို့ဖြတ်တင်ပေးသည့် ဘောလုံးများကိုလည်း မီလန်ဘားရိုစ့်၊ ဂါစီရာနှင့် ရီဆီတို့ကလည်း ဂိုးရရှိအောင် မဖန်းတီးနိုင်ခဲ့သဖြင့် ဂိုးမရရှိခြင်း ဖြစ်သည်။ လီဗားပူးတို့ အပိုင်ကန်သွင်းခွင့်ရရှိသည့် ဘောလုံးကိုလည်း ချယ်လ်ဆီးဂိုးသမား ပီတာဆက်ကာကွယ်သွားနိုင်ခဲ့သည်။

ချယ်လ်ဆီးက ၅၉ မိနစ်တွင် တီရာဂိုအစား အာဂျန်ရော်ဘင်နှင့် ဂျိုးကိုးလ်အစား ကက်ဇ်မန်းတို့ဝင်ရောက်ကစားကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း လီဗာပူးတို့က ခံစစ်ကိုလုံအောင် ကစားခဲ့သဖြင့် ချယ်လ်ဆီးတိုက်စစ်မှူးများ ထိထိရောက်ရောက် ကန်သွင်းခွင့်

ရခြင်း ဖြစ်သည်။ ချယ်လ်ဆီးအသင်း ယခုပွဲသရေကျခြင်းသည် မကြာမီက မန်ယူနှင့်ကားလင်းဖလားဆီမီးဖိုင်နယ် ပထမအကျော့တွင် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ပြီးနောက် ဆီမီးဖိုင်နယ် ပထမအကျော့တွင် ဒုတိယမြောက် ဂိုးမရှိသရေပွဲဖြစ်ခြင်း ဖြစ်သည်။

ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့ ယခုပွဲ သရေကျခဲ့သဖြင့် လီဗာပူးကွင်း၌ ဒုတိယအကျော့ကစားသည့် ရလဒ်သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ရန် အရေးကြီးသည့် အဆုံးအဖြတ် ဖြစ်လာမည် ဖြစ်သည်။

အေစီမီလန်နှင့်ပီအက်စ်ဗွီ

စီးရီးအေတန်းစီဇယားတွင် ထိပ်ဆုံး၌ ဦးဆောင်နေပြီး နိုင်ပွဲများ ဆက်တိုက်ရရှိနေသော အေစီမီလန်အသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်၌ မိမိကွင်းတွင် ဧည့်သည် ပီအက်စ်ဗွီအသင်းကို အနိုင်ကစားခဲ့သည်။

အေစီမီလန်အသင်း ပွဲစတင်ကတည်းကပင် ပီအက်စ်ဗွီအသင်းဘက်သို့ မနားတမ်း တိုက်စစ်ဆင်ကစားနိုင်ခဲ့ရာ ပွဲချိန် နှစ်မိနစ်တွင် အေစီမီလန်အသင်း တိုက်စစ်မှူး ရှက်ချင်ကို ကန်သွင်းသည့် ဘောလုံးကို ပီအက်စ်ဗွီအသင်း ဂိုးသမား ရိုမီးစ် ကာကွယ်နိုင်ခဲ့သဖြင့် စောစီးစွာ ဂိုးမပေးရခြင်းဖြစ်သည်။ အေစီမီလန်အသင်းမှ ရှက်ချင်ကို၊ ခရက်စပို၊ ဆီးဒေါ့ဖ်နှင့် ပီယာလိုတို့က အပေးအယူအချိတ်အဆက်မိမိနှင့် ထိုးဖောက်ကစားရာပွဲချိန် ၁၇ မိနစ်တွင် ခရက်စပို ထိုးဖောက်ကန်သွင်းသည့် ဘောလုံးကို ပီအက်စ်ဗွီအသင်း နောက်ခံလူ ယောင်ပြိုလီ ကာကွယ်ဖျက်ထုတ်နိုင်ခဲ့၍ ပီအက်စ်ဗွီအသင်း သက်သာခဲ့ရခြင်း ဖြစ်သည်။

အေစီမီလန်အသင်း ဂိုးရရှိရေး ဆက်တိုက်ဖိကစားနေရာမှ ၄၃ မိနစ်တွင် အေစီမီလန်အသင်း တိုက်စစ်မှူး ရှက်ချင်ကိုက ဘောလုံးကိုဆွဲယူလာပြီး ပီအက်စ်ဗွီအသင်း နောက်ခံလူများ လိုက်လံ ဟန့်တားနေသည့်ကြားမှ မနားတမ်းကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုး စတင်ရရှိသွားခဲ့သည်။

ပီအက်စ်ဗွီအသင်း ချေပဂိုးရရှိရေး တန်ပြန်တိုက်စစ်ဆင်ကစားသော်လည်း ကာဖူး၊ ကာလက်ဇီ၊ မာလ်ဒီနီနှင့် ဂျက်စတမ်းတို့၏ တောင့်တင်းခိုင်မာသော ခံစစ်ကြောင်းကို မကျော်နိုင်ခဲ့ပေ။ ပီအက်စ်ဗွီအသင်း တိုက်စစ်မှူးများဖြစ်သည့် ဖာဖန်၊ ဗိုဂယ်၊ ဘွန်မဲလ်နှင့် ကိုကူးတို့၏ အဝေးမှအမှတ်မထင် ကန်သွင်းချက်များကိုလည်း အေစီမီလန်အသင်းဂိုးသမား ဒီဒါက ကာကွယ်နိုင်ခဲ့သည်။

အေစီမီလန်အသင်း ဂိုးထပ်မံရရှိရေး ကစားအားတင် ထိုးဖောက်ကစားရာ ပွဲပြီးချိန် မိနစ် ၉၀ တွင် ခရက်စပို အစားဝင်လာသည့် တိုမတ်ဆင်က တစ်ဂိုးသွင်းယူလိုက်သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် အေစီမီလန်အသင်း အနိုင်ရရှိသွားသည်။ **(အင်တာနက်)**

ယှဉ်လု

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ ပွဲစဉ်အဖြစ် အေစီမီလန်အသင်းနှင့်ပီအက်စ်ဗွီအသင်းတို့ ပွဲတွင် အေစီမီလန်အသင်းမှ ဂတ်တူဆို(ဝဲ)နှင့် ပီအက်စ်ဗွီအသင်းမှ ကိုကူးတို့ ဘောလုံးယှဉ်လုစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကလေးဆေးရုံကြီးသို့ နို့မှုန့်များလှူဒါန်း

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေကြသော ကလေးလူနာများ အာဟာရ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ Mo Asia Co., Ltd. Dumex မှ ရန်ကုန် ကလေးဆေးရုံကြီးသို့ ငွေကျပ်ကိုးသိန်းတန်ဖိုးရှိ Dumex Instant Full Cream နို့မှုန့်များ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီက ကလေးဆေးရုံကြီးဧည့်ခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ Mo Asia Co.,Ltd. Dumex မှ မန်နေဂျာ ဒေါက်တာဒေါ်ဖြူ တီကြည်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျပ်ကိုးသိန်းတန်ဖိုးရှိ Dumex Instant Full Cream အထုတ် ၂၄၀ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ဆေးရုံအုပ်ကြီးက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**

Supported by Ministry of Commerce, Myanmar
Organized by Department of Export Promotion, Ministry of Commerce, Thailand

Thailand Exhibition 2005

4-7 May 2005
Yangon Trade Center
Upper Pazundaung Road, Yangon
10:00 am to 06:00 pm daily

Special activities
*Health Food-good taste contest
*Beauty & health promotion
*Thai fresh fruit handy-curving
*Thai food cooking show

4-5 May 2005 : Trade Days (entry by registration only)
6-7 May 2005 : Public Days

Businessmen and Traders to be visited on Trade Days, kindly register at the exhibition entrance on show days with business cards.

COME & ENJOY YOURSELF WITH WORLD STANDARD PRODUCTS FROM THAILAND

Fair managed by TTF(Yangon)Co.,Ltd tel: 245137-8

"Welcome any participant for Thai food eating contest"

ဝိုင်းဝန်းကာကွယ်
မီးဘေးအန္တရာယ်

MRTV-4နှင့်အတူ ရုပ်ရှင်၊ တေးသွန်ကားအစီအစဉ်များ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော MRTV၊ MRTV-3၊ MRTV-4 ရုပ်ရှင်အစီအစဉ်များနှင့် တေးသွန်ကားအစီအစဉ်များကို Digital စနစ်ဖြင့် ရန်ကုန်မြို့တွင် ဖမ်းယူကြည့်ရှုနိုင်မည့် Family Digital Receiver များကို အောက်ဖော်ပြပါ Family Entertainment Group ၏ ကိုယ်စားလှယ်ဆိုင်များတွင် ဝန်ဆောင်ခ ကျပ်(၅၀၀၀) သွင်း၍ စာရင်းပေး မှာယူနိုင်ပါပြီ။

- City Mart Supermarket ဆိုင်များအားလုံး
- BLAZON Department Store ၅၃၈၃၃၃၊ ၅၃၈၃၃၈

- ဗဟိုဘဏ်လမ်းတွင်: ဓမ ၂၄၆၄၀၀; လမင်းစွာ ၂၃၃၃၄၀; မြင့်မိုရ် II ၂၃၉၄၂၅; မြတ်နိုးသူ ၂၃၆၄၂၄
- ဗိုလ်အောင်ကျော်လမ်းတွင်: Fine ၂၄၆၇၀၉; Master ၃၈၀၂၂၄
- ပန်းဆိုးတန်းလမ်းတွင်: ဓမ ၂၅၄၃၀၉; ကျော် ၂၄၂၃၃၃; MC ၂၄၆၁၃၆
- ယုဇနပလာဇာ(ပထပ်)တွင်: မြင့်ကျော် ၂၀၀၅၄၃ Ext: ၂၀၁၂; စောင်း ၂၉၈၅၁၈
- မောင်းနိုင်လမ်းဘက်တွင်: ဦးရွှေလင်း + ဒေါ်ကြင်ကြင် ၂၄၄၃၀၈; မောင်မောင်ထွန်း ၂၃၈၈၄၀၊ ၂၃၁၆၅၉; ဝင်းလိုက် ၃၈၄၁၀၀၊ ၂၄၀၃၃၃
- ရွှေဘုံသာလမ်းတွင်: Soe & Associate ၃၈၀၅၀၄၊ ၃၈၆၅၈၅

FAMILY Entertainment Group

GAIN CITY
- Air-cond; ... Engineer ...
- Air-cond; ...
Open Daily

(၁၂)နှစ်မြောက်မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် ချစ်မေမေ ဗိုလ်ကြီးဥမ္မာတင် (တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ)တို့၏ ၂၉-၄-၂၀၀၅ရက်နေ့တွင် ကျရောက်သည့် (၁၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားကြီး ဖွဲ့ဖွဲ့၊ ချစ်သားငယ် စွမ်းစွမ်းတို့နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ချစ်သားကြီး – ဖွဲ့ဖွဲ့-မောင်ဖွဲ့ဝင့်ထွန်း (အထက-၄၊ မင်္ဂလာဒုံ)။
ချစ်သားငယ် – စွမ်းစွမ်း-မောင်စွမ်းဝင့်ထွန်း။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ဖေဖေ ဦးစိုးအောင်နှင့်မေမေဒေါ်ဝင်းဝင်းမွန်တို့၏ ၂၀၀၅ခုနှစ် ဧပြီလတွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ပတ္တမြားရတု၊ ရွှေရတုမင်္ဂလာများတိုင်အောင် ချစ်သော သမီးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ လျှောက်လှမ်း နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သမီးများ-
သမီးကြီး – မသဇင်ဝင်း B.A (English)
သမီးလတ် – မသက်သက်ဝင်း B.P.S.C (Radiography)
သမီးထွေး – မတင်စံပယ်ဝင်း Final Part (I) ဆေးတက္ကသိုလ်(၂)။

ဖြိုး PHYOE
PAPER, PAPER PRODUCTS, PRINTING & BINDING
- PHYOE Exercise Book
- NOBLE PRIZE Exercise Book
- GOLD FLOWER Exercise Book

EAC Food Group
သစ်သီးဖျော်ရည် သင်တန်း
01-690264, 09-9973162

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
ချိပ်ပိတ်တင်ဒါကြော်ငြာ

လုပ်ငန်းအမည် – Mild Steel Plates & Mild Steel Angles များဝယ်ယူရေး
တင်ဒါအမှတ်စဉ် – FQ-No(1) GS/CAP-IWT/(2005-2006)
တင်ဒါပိတ်ရက် – ၁၀-၅-၂၀၀၅ရက်နေ့ (၁၅:၃၀)နာရီ

Mild Steel Plates & Mild Steel Angles များ ဝယ်ယူရန် တင်ဒါနှင့်ပတ်သက်သော အချက်အလက်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်) ပထမထပ်ရှိ ထောက်ပံ့ရေးဌာနခွဲတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၅၀၀၀(ကျပ်ငါးထောင်)တိတိနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ သတ်မှတ်နေ့ရက်နှင့်အချိန်ထက် နောက်ကျ၍ရောက်ရှိလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားခြင်းမပြုပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး။

ကန့်ကွက်ချက်အား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ်(၃)ဟုခေါ်တွင်သော ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၃၆-အိုင်)၊ မြေကွက်အမှတ်(၆၉-အေ)နှင့် စပ်လျဉ်း၍ ၅-၆-၂၀၀၂ရက် မြန်မာ့အလင်းသတင်းစာ၌ ဦးလှခိုင်အပါ လေးဦး၏ကန့်ကွက်မှုကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးလှခိုင် ၁၂/ဗဟန(နိုင်)၀၅၇၃၈၆
၃၁၊ တက္ကသိုလ်ရိပ်သာလမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

ဦးအောင်မင်းကျော်
Translation
May 2

Y.E.S.
Basic Spoken English: MAY-9, 14, 21, 23, 28, 30
Basic Writing Course: MAY-16, 21
Grammar Foundation Course: MAY-18, 30
Pre-Intermediate English: MAY-21, 23, 30
SAT, Intermediate English: MAY-30
TOEFL, IELTS, VEC, API, AWC
No.190, 3rd Flr, 38th St.(Upper), Pabedan Tsp. ☎ 243960

ကလျာ(ဝီဒီယို/သီချင်း)

ဆွေဆွေအောင်

အမည်ပြောင်း

လောင်းလုံးမြို့နေ ဦးအောင်ညွှန့် ဒေါ်သန်းအေးတို့၏သား လောင်းလုံး အထက၊ န၀မတန်း(B)မှ မောင်သားဦးအား ယနေ့မှစ၍ မောင်ဇင်မျိုးဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇင်မျိုးဦး။

အမည်ပြောင်း

အဖ ဦးမြင့်ဆွေ၏သား အထက(၂) ဒလ၊ အဋ္ဌမတန်း(က)မှ မောင်စည်သူပြည့်စုံအောင်အား မောင်စည်သူအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စည်သူအောင်။**

မိုးဗျာတော့မယ်ဗျို့
☎ 682044 ☎ 682944 ☎ 682928
☎ 680301 ☎ 681326
☎ 02-65975 ☎ 02-28036

Toyo 2B ခဲတံနှင့်ပေတံ ဝယ်ယူအားပေး၍ ရောင်းချသူများနှင့် သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သည့် အထူးအစီအစဉ်

Toyo 2B ခဲတံအမျိုးမျိုးနှင့် ပေတံတို့ကို ၁၈-၅-၂၀၀၅ရက်အထိ အောက်ပါအစီအစဉ်အတိုင်း အထူးလျှော့ဈေးနှုန်းဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိပါသည်။ ၁၉-၅-၂၀၀၅ရက်မှစ၍ မှာယူအားပေးသူ အားလုံး၏ Order များအား ပေးပို့ဖြန့်ချိမည်ဖြစ်ပါ၍ ကျွန်တော်များကုမ္ပဏီအနေဖြင့် Toyo 2B ခဲတံအမျိုးမျိုးနှင့် ပေတံတို့အား ၁၉-၅-၂၀၀၅ရက်မှ ၁၈-၆-၂၀၀၅ရက်အတွင်း အမြို့မြို့အနယ်နယ် အရောင်းကိုယ်စားလှယ်များတွင်သာ ဝယ်ယူရရှိနိုင်မည်ဖြစ်ပါသည်။ Order မှာယူအားပေးသူများအား အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးပို့မည်ဖြစ်ပါ၍ မည်သူမဆိုအမြန်ဆုံး ဝယ်ယူအားပေးကြပါရန် လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

အမျိုးအမည်	၁၉-၅-၂၀၀၅ရက် အထိလျှော့ဈေး	၁၉-၆-၂၀၀၅ ရက်မှစ၍ပုံမှန်ဈေး
(၁) Toyo 2B SPHINX ခဲတံ	၃၅ကျပ်	ကျပ် ၅၀
(၂) Toyo 2B Racing ခဲတံ	၄၅ကျပ်	ကျပ် ၆၀
(၃) Toyo Moonstar ခဲတံ	၂၅ကျပ်	၃၅ကျပ်
(၄) Toyo 2B 12" ပေတံ	၁၇၅ကျပ်	၂၂၅ကျပ်

ထို့အပြင် အထက်ပါပစ္စည်းများအား ဝယ်ယူအားပေးသော တန်ဖိုးအလိုက် ဆုလက်ဆောင်များအား ကျေးဇူးတုံ့ပြန်ပေးအပ်သွားမည်ဖြစ်ပါသည်။

(၁) ကျပ် ၁၀သိန်းဖိုး ဝယ်ယူသူအား – DVD စက်တစ်လုံး
(၂) ကျပ်သိန်း ၂၀ဖိုး ဝယ်ယူသူအား – One Door ရေခဲသေတ္တာ တစ်လုံး
(၃) ကျပ်သိန်း ၃၀ဖိုး ဝယ်ယူသူအား – HP 1 ကောင်အား Air Con တစ်လုံး
(၄) ကျပ်သိန်း ၅၀ဖိုးဝယ်ယူသူအား – One Door ရေခဲသေတ္တာ+ DVD + Air Con
(၅) ကျပ်သိန်း ၃၀၀ဖိုးဝယ်ယူသူအား – ဒဂုံဂျစ်ကား တစ်စီး

လမ်းမတော်၊ လသာ၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မော်လမြိုင်၊ မန္တလေး၊ မိတ္ထီလာ၊ လားရှိုး၊ တောင်ကြီး၊ မကွေးနှင့် မြိတ်မြို့များတွင် ကိုယ်စားလှယ်ပေးပြီးဖြစ်ပါသည်။ ကျန်ရှိသော ပြည်နယ်နှင့် တိုင်း၊ မြို့နယ် အသီးသီးတို့တွင် ကိုယ်စားလှယ်ရရှိလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။

အမှတ် ၁၀၅(A)၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၂၉၁၇၄၇၊ ၀၉-၈၀-၃၀၈၅၃

ပန်းတနော်မြို့နယ် ခနွဲကဘို အရှေ့ကွင်း၌ နွေစပါးစံကွက်ရိတ်သိမ်း

ပန်းတနော် ဧပြီ ၂၆

ပန်းတနော်မြို့နယ် မြစ်ဝရေကြီးကွင်း ခနွဲကဘိုကျေးရွာအုပ်စု ဖိုးလမင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးကျင်ညိမ်း၏ ခနွဲကဘိုအရှေ့ကွင်း ကွင်းအမှတ်(၇၂၀) မနောသုခ ၆၃ ဧက နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ဧပြီ ၂၂ ရက်နံနက် ၉နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ အဖွဲ့ဝင်(၂) ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလွင်၊ ပန်းတနော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်တင်၊ ခရိုင်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ခနွဲကဘိုကျေးရွာနှင့် အနီးပတ်ဝန်းကျင် ခြောက်အုပ်စုကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် တောင်သူလယ်သမား ၂၅၀တို့ တက်ရောက်ကြသည်။ **(ဓါတ်ပုံ)**

အဆိုပါ နွေစပါးစံကွက် ၆၃ဧကကို ရိတ်သိမ်းရာတွင် ၁ဧက မနောသုခစပါးတင်း ၁၅၆ ဒသမ ၅၈တင်း ထွက်ရှိကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့မီးရထား(မြစ်ငယ်) လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၌ သက်ကြီးပူဇော်

မြစ်ငယ် ဧပြီ ၂၃

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထား (မြစ်ငယ်)လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၏ အသက် (၇၅)နှစ်မှ အထက်အဘိုး၊ အဘွားများအား (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၈နာရီက မြစ်ငယ်မီးရထား ဇေတဝန်မွေ့ရုံတွင်ကျင်းပသည်။

ရှေးဦးစွာ အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ကြပြီး သက်ကြီးပူဇော်ပွဲ ဖြစ်မြောက်ရေး ဦးစီးနာယက အထွေထွေမန်နေဂျာ ဦးထွန်းဦးက ပူဇော်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဘိုး၃၄ဦးနှင့်အဘွား ၈၆ဦး စုစုပေါင်း ၁၂၀တို့အား လူစီးတွဲနှင့်ကုန်တွဲစက်ရုံ မိသားစုများက တစ်ဦးလျှင်ငွေကျပ်၁၀၀၀၀စီကိုလည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်မိသားစုက အဘိုး၊ အဘွား တစ်ဦးလျှင် ငွေကျပ် ၆၀၀တန်ဖိုးရှိ စတုမဓုတစ်ဘူးစီကို လည်းကောင်း လှူဒါန်းကြကြောင်း သိရသည်။ **(၂၀၉)**

ဧပြီ ၁ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဈေးအကျိုးဆောင်အဖွဲ့တို့ပူးပေါင်း၍ တောင်ငူမြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့်တပ်ဖွဲ့ဝင်များ လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မြင်းခြံမြို့နယ်တွင် နွေရာသီသင်တန်းပေါင်းစုံဖွင့်လှစ်

မြင်းခြံ ဧပြီ ၁၅

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီ သင်တန်းပေါင်းစုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ရက်က မြို့နယ်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းက အမှာစကားပြောကြားသည်။ အခမ်းအနားတွင် မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြအောင်က သင်တန်းများ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်က သင်တန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် ငါးသောင်းကို မြို့နယ်အသင်း အတွင်းရေးမှူးထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၄၀၂)**

နောင်ချိုမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်

နောင်ချို ဧပြီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ပင်တီးကျေးရွာအုပ်စု ခဲဆန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်၊ မြို့နယ်ဆရာဝန် ဒေါက်တာတင်မောင်ဦး၊ ပင်တီးကျေး ရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းကျော်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ခဲဆန်ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဦးစိုင်းကျော်ညွန့်က ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဆရာဝန်က လက်ခံရယူပြီး ဆေးဝါးအထောက်အပံ့များ ပြန်လည်ပေးအပ်သည်။

အဆိုပါ အဆောက်အအုံသစ်မှာ အနံ ၁၅ပေ၊အလျား ၂၂ပေရှိ တစ်ထပ်တိုက်အဆောက်အအုံဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ပေါ်ပေါက်လာသည့်အတွက် ပတ်ဝန်းကျင်ကျေးရွာများ ကျန်းမာရေးအထောက်အကူဖြစ်သဖြင့် ဒေသခံပြည်သူများဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရမ်းဗြဲမြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ

ရေရှည်တည်တံ့ခိုင်မြဲစေရေး စာအုပ်များလှူဒါန်း

ရမ်းဗြဲ ဧပြီ ၁၀

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျေးရွာအုပ်စုများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့စေရန်နှင့် စာအုပ်များလှူဒါန်းပွဲကို မတ် ၁၉ ရက်က ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်က သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်မျိုးစုံ ၄၅၀ ကို လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဦးစီးမှူး ဦးသိန်းလွင်က မဂ္ဂဇင်း၊ဂျာနယ်၁၀၀ ကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်

ကျော်ထွန်းက မဂ္ဂဇင်း ၅၀ ကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာကျော်မြင့်က သုတ၊ ရသဂျာနယ် ၁၅၀ ကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသာအေးက မဂ္ဂဇင်း၊ ဂျာနယ် ၆၀ ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးထွန်းခိုင်က သုတ၊ ရသ စာအုပ် ၁၀၀၀ ကို လည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဝင်းမောင် ကဂျာနယ်စာအုပ်၅၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူး ဦးတင်ရွှေက လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ)**
(မြို့နယ် ပြန်/ဆက်)

ထန်းတပင်မြို့နယ် မြို့မဈေးကြီးရှိ အစားအသောက်ဆိုင်များနှင့် မြို့တွင်းရှိ စားသောက်ဆိုင်များ သန့်ရှင်းစွာ ရောင်းချနိုင်ရေးအတွက် ဧပြီ ၉ရက်က ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်နှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အဖွဲ့၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဓနုဖြူမြို့ အမှတ်(၉)ရပ်ကွက် မဟာဗောဂကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးဝင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၈၅)

ကျောက်ပန်းတောင်း မြို့ဦးစေတီတော် တည်ဆောက်ရေး ညှိနှိုင်း

ကျောက်ပန်းတောင်း ဧပြီ ၁၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ မြို့ရှေ့ မိတ္ထီလာကားလမ်းအနီးတွင် မြို့ဦးစေတီတော်ကြီး တည်ဆောက်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ၅ရက် နံနက်၈နာရီက ကုန်းတော်မွှာရုံတွင် ကျင်းပသည်။

အစည်းအဝေးတွင် ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တခေမိန္ဒ ဆရာတော်ကြီး၏ ဩဝါဒကို ခံယူကြ၍ မြို့ကျက်သရေဆောင်မြို့ဦးစေတီတော်ကြီး တည်ဆောက်ရေးနှင့် ပတ်သက်၍နယ်မြေခံတပ်နယ်မှဗိုလ်မှူးချုပ် သန်းထွန်းက ရှင်းလင်းလျှောက်ထားကာ တည်ဆောက်ရေးကော်မတီဝင် ဦးတင်အောင်နှင့် ဦးလှကိုတို့က အလှူငွေများ ရရှိမှုနှင့် စေတီတော်ကြီး၏ ပလ္လင်တော် စတင် တည်ဆောက်မှုတို့ကို ရှင်းလင်းတင်ပြကြ၍ သက်ဆိုင်ရာ ကော်မတီများနှင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးကြသည်။

အဆိုပါ စေတီတော်မှာ ဉာဏ်တော် အမြင့် ၁၀၈ပေ၊ လုံးပတ်တော် ၅၇ပေ၊ အောက်ခြေ ပလ္လင်တော် အကျယ် ၁၀၈ပေ တည်ထားမည် ဖြစ်သဖြင့် အနယ်နယ် အရပ်ရပ်မှ ကုသိုလ်အလှူရှင်များ ပါဝင် လှူဒါန်းလိုပါက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း-၀၆၁-၅၀၅၆၆ သို့ လည်းကောင်း၊ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌဦးဉာဏ်လှ ဖုန်း-၀၆၁-၅၀၁၁၄သို့လည်းကောင်း၊ ဦးလှကို ဖုန်း-၀၆၁-၅၀၃၇၀သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၆၁)**

သန်လျင်မြို့ မြို့ဟောင်း အလက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်း ဦးဆောင်၍ ဒုတိယ အကြိမ်မြောက် စုပေါင်းရှင်ပြု၊ သီလရှင်ဝတ် အလှူ တော်မင်္ဂလာ အခမ်းအနားကို မတ် ၂၄ ရက်က ကျောင်းခန်းမ၌ ကျင်းပစဉ်။
(ခရိုင် ပြန်/ဆက်)

မတ် ၆ ရက်က ဘော်လခဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဧရာဝတီလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးနီထွန်း ကြည့်ရှုစစ်ဆေးစဉ်။
(နယ်စပ်/စည်ပင်)

ဖန်မီးအိမ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရွှေပြည်သာ ဧပြီ ၂၅

ရွှေပြည်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဇီးကုန်းစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ ပန်းခြံစုအပိုင်းတွင် ဖန်မီးအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၈ရက်က ကျင်းပသည်။

အဆိုပါဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျီးညို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မြအေးနှင့်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး**(ဓါတ်ပုံ)**ဖန်မီးအိမ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် စေတနာရှင် ပြည်သူများက ကာလတန်ဖိုး နှစ်သိန်းခွဲခန့်ရှိ စာအုပ်နှင့် ပရိဘောဂပစ္စည်းများ လှူဒါန်းကြကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပ

ပင်လုံ ဧပြီ ၂၄

လွိုင်လင်ခရိုင် ပင်လုံမြို့တွင် ဧပြီ ၁၃ ရက် ညနေ ၃ နာရီက ပင်လုံကျောက်တိုင်ဝင်းရှေ့ ဗဟိုမဏ္ဍပ်တွင် ၁၃၆၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ဖွင့်ပွဲအခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်နှင့် ရဲစခန်းမှူး ရဲအုပ် အောင်မင်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြရာ ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခို သီချင်းဖြင့် ကပြဖျော်ဖြေပေးကြသည်။ သင်္ကြန်အကြိုနေ့၊ သင်္ကြန်အကျနေ့၊ သင်္ကြန်အကြတ်နေ့နှင့် သင်္ကြန်အတက်နေ့များက ယိမ်းအဖွဲ့များ စည်ကားသိုက်မြိုက်စွာဖြင့် ကပြဖျော်ဖြေကြသည်။

သင်္ကြန်အတက်နေ့တွင် ဆုရရှိသည့် ယိမ်းအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့် ပြီး ည၇နာရီတွင် ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော်ပိတ်ပွဲ အခမ်းအနားကျင်းပကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော သင်္ကြန်ယိမ်းအကပြိုင်ပွဲနှင့်ပိတ်ပွဲ အခမ်းအနားကို ဧပြီ၁၆ရက်က ဘိုကလေးမြို့ မြို့မ(၃)ရပ်ကွက် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်က ယိမ်းအကပြိုင်ပွဲ ပထမဆုရ မြို့မ (၅)ရပ်ကွက် ယဉ်သူဇာယိမ်းအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပါဠိပထမပြန်စာမေးပွဲ စာအောင်ဆုနှင်းပွဲကျင်းပ

မတ္တရာ ဧပြီ ၁၅

၂၀၀၄ ခုနှစ် ပါဠိပထမပြန် စာမေးပွဲ စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်းသည့် ဆုနှင်းသဘင်အခမ်းအနားကို မတ် ၂၈ ရက် နံနက်က မတ္တရာမြို့ ဇေယျာသန ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သာသနာရေးဦးစီးဌာန ဦးစီးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး စာအောင်သံဃာတော် ၅၄ ပါးအား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဖြေဆိုအောင်မြင်

၂၀၀၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် မတ္တရာစာဖြေဌာန၌ အကြီးတန်း ၁၀ ပါး၊ အလတ်တန်း အပါး ၄၀၊ အငယ်တန်း ၆၅ ပါးဝင်ရောက် ဖြေဆိုတော်မူကြသည့်အနက် အကြီးတန်း နှစ်ပါး၊ အလတ်တန်း ၁၉ ပါး၊ အငယ်တန်း ၃၃ ပါး ဖြေဆိုအောင်မြင်တော်မူကြကြောင်း သိရသည်။

(၃၆၄)

ပဲခူးတိုင်း သနပ်ပင်မြို့ စက်ကုန်းပိုင်းရပ်ကွက်တွင် တတိယအကြိမ်မြောက် အတာရိပ်မဏ္ဍပ်၏ တရားပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် စတုဒိသာ အလှူကျွေးမွေးခြင်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ၁၃ ရက် နံနက်က ဆင်ဖြူရှင်လမ်းနှင့်အနော်မာရုံကွင်း ကျောင်းလမ်းဆုံရှိအဆိုပါမဏ္ဍပ်တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မဏ္ဍပ်အကျိုးဆောင်ဦးမိုမျိုးတင့်တို့က အတာရိပ်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၄၇)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ငပုတောမြို့နယ်ဟိုင်းကြီးကျွန်းမြို့ရှိ ကညင်ချောင်းကုန်းတန်း အုပ်စုတွင် အလင်းသိုက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က ကျင်းပရာ ငပုတောမြို့နယ် ဥက္ကဋ္ဌ ဦးငွေးကျော်၊ ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်ထင်၊ ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မာလာဝင်းနှင့် ကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၃၀-၄-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓေဂ္ဂသုတ်)

နေ့လယ်ပိုင်း

၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၁:၃၅ အဘိုး၊အဘွားအလေးထား (ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခ)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇:၀၀ အဆို၊အက၊အရေး၊အတီးဆုရ မွန်ပြည်နယ်မှ ဦးမင်းဟန်နှင့် ရခိုင်ပြည်နယ်မှ မောင်ဇော်မင်းလတ်တို့၏ ဓမ္မပူဇာတေး)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇:၄၀ သိမှတ်စရာ ကွန်ပျူတာ (ပြောင်းလဲလာသော မော်နီတာများ)
၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာခြင်းသည် လာဘ်တစ်ပါး ကိုယ်လက်လှုပ်ရှားအားကစား)
၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ လဝန်းသစ်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော မိုးနှင်းဆီ၏ စိတ်ထဲထည့် လိုက်တယ်စီးရီး
၂၀:၃၀ English Lesson Working °°Knowledge
၂၀:၄၅ တေးသံစုံ(မြန်မာ့အသံအဖွဲ့)

နေကြာ၊ မြေပဲ ယှဉ်ပြိုင်ကွက် ပြည်နယ်အဆင့်ဆုချီးမြှင့်

ဟိုပုံး ဧပြီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ်တွင်၂၀၀၄-၂၀၀၅ခုနှစ် အဓိကသီးနှံ ၁၀မျိုး ယှဉ်ပြိုင်ကွက် ပြည်နယ်အဆင့် ပထမဆုရ နေကြာ၊ မြေပဲဆုချီးမြှင့်ခြင်း အခမ်းအနားကို မတ်၂၅ရက် နံနက်၁၀နာရီက ဟိုပုံးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးက အမှာစကားပြောကြားပြီး ဆုရတောင်သူ ဦးရှမ်းမောင်နှင့် ဦးအောင်ကြီးတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မည်သည့်အနှောင့်အယှက် အဖျက်လုပ်ရပ်ကိုမဆို ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ပြတ်ပြတ်သားသား တိုက်ဖျက်

နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရေဝတီတိုင်းခရီးစဉ် မိန့်ခွန်းများမှ ကောက်နုတ်ချက်

- ❏ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက် (၁၂) ရပ် ချမှတ်ကာ နိုင်ငံတော်ကို ရည်မှန်းချက်ရှိရှိ တည်ဆောက်လာခဲ့ခြင်းဖြစ်၊
- ❏ ဒို့တာဝန်အရေးသုံးပါးကို ဆန့်ကျင်ပြီး ပြည်ပလက်ကိုင်တုတ် အစေအပါးအဖွဲ့ ဖွဲ့စည်းကာ နိုင်ငံတော်ကို ဖျက်ဆီးမည့်သူများ ပေါ်ပေါက်နေ၊
- ❏ မည်သည့်အနှောင့်အယှက် အဖျက်လုပ်ရပ်ကိုမဆို ပြည်သူ့သဘောထား (၄)ရပ်နှင့်အညီ ပြတ်ပြတ်သားသား တိုက်ဖျက်။

ကချင်ပြည်နယ်၏ ပေ ၁၈၀ နှင့်အထက် ၁၃ စင်းမြောက် ကျွန်းတောတံတား(မိုးကောင်း)ဖွင့်လှစ်

လမ်းတံတားများ ကောင်းမွန်သည်နှင့်အမျှ ကချင်ပြည်နယ်အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်

မိမိတို့အစိုးရလက်ထက်တွင် ပြည်ထောင်စုလမ်းမကြီးများအသွင် ကွန်ရက်သဖွယ်တိုးချဲ့ဖောက်လုပ်ပေးခဲ့

နီးလျက်ဝေးခဲ့ရသော တိုင်းရင်းသားများ ဒေသမရွေး ချစ်ကြည်စွာ ကူးသန်းဆက်သွယ်နိုင်ပြီ

ရန်ကုန် ဧပြီ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းပေါ်ရှိ နန့်ရင်းချောင်းကူး ကျွန်းတောတံတား(မိုးကောင်း) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်ကို လုံးဝလက်မခံ၊ ကန့်ကွက်ကြောင်း သဘောထားကြေညာချက်များထုတ်ပြန်

ရန်ကုန် ဧပြီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက်အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်အား ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ကြေညာလျက်ရှိသည်။ ယင်းသို့ ထုတ်ပြန်ကြေညာကြသော အဖွဲ့အစည်းများအနက် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်နှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ သဘောထားကြေညာချက်အပြည့်အစုံကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်- (သတင်းစဉ်)

ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ သဘောထားကြေညာချက်

ဧပြီလ (၂၈) ရက်၊ ၂၀၀၅ခုနှစ်

၁။ ၂၀၀၅ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ပြည်ပတစ်နေရာ၌ ရှမ်းပြည်ယာယီအစိုးရ အဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်ပြန်သည်ကို ကြားသိရသည်။

၂။ အဆိုပါ ထုတ်ပြန်ကြေညာချက်သည် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၏ မူဝါဒသဘောထားများနှင့် ဆန့်ကျင်ပြီး ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်သည် ၎င်း၏သတင်းထုတ်ပြန်ကြေညာသည့်အဖွဲ့နှင့်လည်း ဆက်စပ်ပတ်သက်ခြင်း လုံးဝမရှိပါ၊ စိတ်လည်းမဝင်စားပါ။

၃။ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်သည် ပြည်ထောင်စုမှ သီးခြားခွဲထွက်ရေးမူကို မည်သည့်အခါမျှ လက်ခံကျင့်သုံးခြင်းမရှိ၊ နောင်လည်း ကျင့်သုံးမည်မဟုတ်ပါ။

၄။ သို့ဖြစ်၍ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းပြီး ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်းကို ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က လုံးဝလက်မခံ၊ ကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

ဦးစောသန်းအောင်
ဒုတိယဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်။

'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (WNDP) ဗဟိုဌာနချုပ်၏သဘောထားကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် မှီတင်းနေထိုင်ကြသော နိုင်ငံတော်ကြီးဖြစ်သည်။ ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရရှိအောင် တိုင်းရင်းသားလူမျိုးပေါင်းစုံက ကျရာတာဝန်ဖြင့် တက်ညီလက်ညီတော်လှန်ရယူခဲ့သည်။

၂။ ပြည်ထောင်စုကြီး ဘက်စုံ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းအောင် စစ်မှန်သော ပြည်ထောင်စုစနစ်နှင့် စစ်မှန်သောဒီမိုကရေစီနည်းဖြင့် တည်ဆောက်နိုင်မှသာ အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်သည်။

၃။ ပြည်ထောင်စုကြီးပြိုကွဲစေပြီး တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှု ပျက်ပြားစေမည့် ပြည်ထောင်စုကြီးမှ သီးခြားခွဲထွက်မည့် မည်သည့်ပြုမူ ကျင့်ကြံ၊ ဆောင်ရွက်မှုကိုမျှ လုံးဝလက်မခံ၊ ကန့်ကွက်ဆန့်ကျင်ကြောင်း ကြေညာလိုက်သည်။

ရက်စွဲ-၂၀၀၅ခုနှစ် ဧပြီလ(၂၈)ရက်

ဦးဖိုးလစ်ဆမ်
နာယက
ဗဟိုကော်မတီဌာနချုပ်
'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ။